ခန္တီ စ တေ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ခုနှစ် စက်တင်ဘာ ၁ ရက်၌ ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အစ္စလမ်၊ အေ၊ ကာရီမော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ



ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**(အပေါ်ပုံ)**

## လက်ခံတွေ့ဆုံပွဲတက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

# စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး သီးနှံသုတေသနပြုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးတွင် အမျိုးသားစီးပွား ခိုင်မာတောင့်တင်းရေးသည် အခြေခံလိုအပ်ချက် တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းစေရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် နိုင်ငံတော်အတွက် အလွန်အရေးပါသော လုပ်ငန်းများဖြစ်သည်။

ယင်းသို့ အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးသုတေသန ဦးစီးဌာနကို ဖွဲ့စည်းထူထောင်ပေးထားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၈ရက်က မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းရှိ မျိုးစေ့ဘဏ်အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်-

**"ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်မသီးနှံ ၁၀မျိုးအတွက် ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်ရာ ယင်းပန်းတိုင် ရည်မှန်းချက်များ သတ်မှတ်အချိန်ကာလထက်စော၍ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြင့် အထောက်အကူပြုကြရမှာဖြစ်ကြောင်း"**

ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးသုတေသန ဌာနအသစ်တစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းထူထောင်ကာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖွဲ့စည်းထူထောင်ခဲ့သည့်အတွက် ယခင်ကတစ်နိုင်ငံလုံးတွင် ပြန့်ကျဲလျက် သီးခြားစီဆောင်ရွက်နေကြသည့် သီးနှံအမျိုးမျိုး သုတေသနလုပ်ငန်းများကို တညီတညွတ်တည်း စုစည်းနိုင်သည့်အပြင် ခေတ်မီသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာပြီဖြစ်သည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် တာဝန်ရှိသူများက ပံ့ပိုးပေးရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကလည်း တောင်သူလယ်သမားများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များကိုတစ်ပြည်လုံးအတိုင်းအတာဖြင့် စမ်းသပ်ရှာဖွေဖော်ထုတ်ဖြန့်ဖြူးပေးရမည်ဖြစ်သည်။

ပြည်သူများဝမ်းစာဖူလုံပြည့်စုံရေးအတွက် အထွက်နှုန်းကောင်းမျိုးများ၊ ပြည်ပဝင်ငွေရှာဖွေပေးနိုင်မည့် အရည်အသွေးကောင်းမျိုးများကို သုတေသနပြုထုတ်လုပ်ပြီး မိမိနိုင်ငံ၏ မျိုးရင်းသီးနှံများ၊ဗီဇမျိုးရင်းများ ပျောက်ကွယ်မသွားစေရန် စိုက်ပျိုးရေးသုတေသနပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြစ်သည့် ရေတော်မိုးတော်လုပ်ငန်းများ၊ ရေမြေအခြေအနေမပေးသည့် ဒေသများအတွက်ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေဒေသမရွေးအသုံးပြုနိုင်သည့် နည်းပညာသုတေသနလုပ်ငန်းများ၊ အပင်ဇီဝနည်းပညာသုတေသနဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်သည့်လုပ်ငန်းများ၊ မျိုးရိုးဗီဇစုဆောင်းခြင်း၊ အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်အသုံးချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးနှင့်နည်းပညာပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှု၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံမျိုး မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံစပ်မျိုးသုတေသနလုပ်ငန်း၊ မျိုးစေ့ဘဏ်လုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးအတွက် သုတေသနစမ်းသပ်ကွက်များ ဖော်ထုတ်ဆောင်ရွက်မှုစသည်တို့ကို အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြစ်ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုလျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် စိုက်ပျိုးရေးပညာရှင်များက တောင်သူလယ်သမားများနှင့် လက်တွဲကာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ပိုမိုသုတေသနပြု ဖော်ထုတ်ကြိုးပမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁-၉-၂၀၀၄

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Criteria for Estimators (စီးပွားရေး-ဒုတိယနှစ်)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၂၂)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၄)

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဆော်ဒီအာရေဗျနိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**



ဩဂုတ် ၃၁ ရက်က (၄၇)နှစ်မြောက် မလေးရှားနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ တက်ရောက်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး **H.E. Dato Cheah Sam Kip နှင့် ဇနီးတို့က ကြိုဆို နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဩဂုတ် ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra ၏ဇနီး Madame Veena Shinawatra သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၏ဇနီး ဒေါ်ယဉ်ယဉ်နွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၏ဇနီး ဒေါ်ခင်ဝင်းကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Col. Kasam Nakpun ၏ဇနီး Mrs. Venus Nakpun နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တာဝန်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်လွင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အကြံပေး ပုဂ္ဂိုလ် ဦးအုန်းမြင့်နှင့် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမျိုးနိုင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**



## တွေ့ဆုံနှုတ်ဆက်

ဩဂုတ် ၃၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် **General Chaisit Shinawatra**အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

## ပို့ဆောင်နှုတ်ဆက်

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၁၄)ကြိမ်မြောက်အာဆီယံနိုင်ငံသေနတ်ပစ်ပြိုင်ပွဲတက်ရောက်ရန်ထွက်ခွာ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ပို့ဆောင်နှုတ်ဆက်



ရန်ကုန် ဩဂုတ် ၃၁

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲအခမ်းအနားသို့တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိန်လင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်ချုပ်ဉာဏ်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ (၅)နှစ်အတွက်နည်းဗျူဟာစီမံချက်ဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၁

**မြန်မာနိုင်ငံ၏မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ(၅)နှစ်အတွက် နည်းဗျူဟာစီမံချက်ဆွေးနွေးပွဲ(Five-Year Strategic Plan for Reproductive Health and Myanmar 2004-2008)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်ပတ်လမ်းရှိ ဟိုတယ်နီကိုခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။**

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဒေါက်တာကျော်မြင့်က မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းအတွက် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွက် ထူးခြားသော အဓိကစွမ်းဆောင်ချက်တစ်ခုဖြစ်ပြီး ဤဒေသအတွင်း ပထမဦးဆုံးကျင်းပနိုင်သည့် ဆွေးနွေးပွဲလည်းဖြစ်ကြောင်း၊ ဤဆွေးနွေးပွဲ အခမ်းအနားသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားနီးနွယ်ဌာန အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ ၂၅ခုကျော်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အခြားနိုင်ငံများ၏ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဤလုပ်ငန်းကို ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးနေကြောင်း၊ ဤလုပ်ငန်းစဉ်အရ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဌာန အဖွဲ့အစည်းများ ပူးပေါင်းရေးဆွဲပြီးဖြစ်၍ အတည်ပြုနိုင်ရေးအတွက် ဤဆွေးနွေးပွဲကြီးကျင်းပရခြင်းဖြစ်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ထိရောက်သော မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းစဉ်များမှတစ်ဆင့် တစ်မျိုးသားလုံး၏ မျိုးဆက်ပွားကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib Assifi နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll Long တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ စီမံချက်အဆင့် မြို့နယ်များ၊ ကိုယ်စားလှယ်များ၊ ပြည်နယ် တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် အခြားဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးကြပြီး စက်တင်ဘာ ၂ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှပါမောက္ခဒေါက်တာမြင့်သိန်း အာရှတိရစ္ဆာန်ဆေးသိပ္ပံပညာထူးချွန်ဆုချီးမြှင့်ခြင်းခံရ

**ရန်ကုန် ဩဂုတ် ၃၁**

အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်း(The Asian Association of Veterinary Schools)က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၃ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Sunway Lagoon Resort Hotel ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်သိန်း တက်ရောက်၍ ဖန်ပြွန်နွားသန္ဓေသား ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းသည့် သုတေသနစာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းသည်။

အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်းသည် အကောင်းဆုံးစာတမ်းရှင် သုံးဦးကို ရွေးချယ်၍ ထူးချွန်ဆုချီးမြှင့်လေ့ရှိရာ ယခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှ ပညာရှင်များတင်သွင်းသည့် စာတမ်းနှစ်စောင်နှင့် မြန်မာနိုင်ငံမှ ဒေါက်တာမြင့်သိန်း တင်သွင်းသည့် စာတမ်းတို့သည် အကောင်းဆုံးစာတမ်းများအဖြစ် ရွေးချယ်ခံရပြီး ဒေါက်တာမြင့်သိန်းသည် အာရှတိရစ္ဆာန် ဆေးသိပ္ပံပညာထူးချွန်ဆု (Asian Veterinary Science Prize,Hill's Award)နှင့် ဂုဏ်ပြုငွေ ဂျပန်ယန်း တစ်သိန်း ချီးမြှင့်ခံရသည်။

ဒေါက်တာမြင့်သိန်းသည် ၂၀၀၃ခုနှစ်တွင် မလေးရှားနိုင်ငံ ပူထရာ တက္ကသိုလ်မှ Ph.D ဘွဲ့ကို ရရှိခဲ့သည်။ **(သတင်းစဉ်)**

## မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးရေချိန်

၃၁-၈-၂၀၀၄

**မင်္ဂလာဒုံ**

**၀ ဒသမ ၀၈ လက်မ**

**ကမ္ဘာအေး**

**၀ဒသမ ၁၂ လက်မ**

## စက်သုံးဆီ ခြိုးခြံချွေတာရေး

- ❇ ကားတစ်စီး တစ်လ စက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ❇ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ဒသမ၅သန်း သက်သာမည်။
- ❇ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

# ဘုရှ်ကိုနောက်ထပ်အလိုမရှိဟု ဆန္ဒပြသူများကြွေးကြော် ယောင်နှင့်ချီသောဆန္ဒပြသမားများနယူးယောက်၌ဆန္ဒပြကြ

နယူးယောက် ဩဂုတ် ၃၀

**နယူးယောက်တွင် ရီပတ်ဘလစ်ကန်ညီလာခံမစတင်မီ တနင်္ဂနွေနေ့၌ ထောင်ချီသော ဆန္ဒပြသမားများသည် ရောင်စုံစာတန်းများကိုကိုင်ဆောင်၍လည်းကောင်း၊ ဘုရှ်ကို နောက်ထပ်အလိုမရှိဟု ကြွေးကြော်၍လည်းကောင်း နယူးယောက်မြို့၏လမ်းများတွင် ချီတက်ဆန္ဒပြခဲ့ကြသည်။**




**ဆန္ဒပြ**

ဘုရှ်၏ ရုပ်ပုံကားချပ်ကြီးတစ်ခုအား ကိုင်ဆောင်ဆန္ဒပြနေသူများကို နယူးယောက်မြို့ မက်ဒီဆင်ရင်ပြင်၌ ဩဂုတ်၂၉ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ယခုကဲ့သို့ ချီတက်ဆန္ဒပြခြင်းသည် အီရတ်တွင် အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲခဲ့သော စစ်ပွဲနှင့် ဘုရှ်၏မူဝါဒများကို ဝေဖန်ရှုတ်ချရန်အတွက် ဖြစ်သည်။

ရာသီဥတုပူပြင်းပြီး စိုထိုင်းသည့် အခြေအနေတွင် လူ၄၀၀၀၀၀မျှသည် ငါးနာရီကျော် ချီတက်ဆန္ဒပြကြသည်ဟု ဆန္ဒပြပွဲစီစဉ်သူများက ခန့်မှန်းသည်။ ရဲအဖွဲ့က ချီတက်ဆန္ဒပြသူ ဦးရေပမာဏကို ခန့်မှန်းရန် ငြင်းဆိုသော်လည်း မင်ဟက်တန်ရှိ ရိပ်သာလမ်းမကြီးနှစ်ခုတွင် ချီတက်ဆန္ဒပြသူလူထုသည် တစ်မိုင်မျှရှည်လျားကြောင်း ပြောဆိုသည်။

ထိုနေ့က လူ၂၀၀ကျော်ကို ဖမ်းဆီးခဲ့ရာ အများစုက ချီတက်ပွဲနှင့် မဆိုင်သူများဖြစ်ကြသည်ဟု ရဲအဖွဲ့ကပြောကြားသည်။ ကြာသပတေးနေ့ကစပြီး ဘုရှ် ဆန့်ကျင်ရေး ဆန္ဒပြခဲ့ချိန်မှစပြီး လူ၅၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။ မက်ဒီဆင်ပန်းခြံရင်ပြင်၌ အအေိုင်ဒီအက်စ် လှုပ်ရှားသူများက ကိုယ်လုံးတီး ဆန္ဒပြခဲ့ကြသည်ဟုဆိုသည်။

တစ်နာရီကြာ ချီတက်ဆန္ဒပြစဉ်အတွင်း ရီပတ်ဘလစ်ကန်ကိုယ်စားလှယ်များနှင့် ထိပ်တိုက်တွေ့ရန် တိုင်းမ်ရင်ပြင်သို့ ချီတက်သွားသူ ၆၀ခန့်ကို ရဲက ဖမ်းဆီးခဲ့သည်။ ထို့အပြင် စင်ထရယ်ဥယျာဉ်၌ လူစုလူဝေးမလုပ်ရန် တားမြစ်ချက်ကို မနာခံဘဲ လူထောင်ပေါင်းများစွာသည် စင်ထရယ်ဥယျာဉ်၌ စုရုံးခဲ့ကြသည်။ လူရာပေါင်းများစွာက မြက်ခင်းပေါ်၌ လှဲအိပ်ကာ ငြိမ်းချမ်းရေးအမှတ်လက္ခဏာကို လူများဖြင့်ပုံဖော်ပြီး ဆန္ဒပြခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**



**အီရတ်တွင်သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်၁၀၀၀ခန့်၏ သင်္ကေတနှင့်တူရုပ်ကလာပ်များ သယ်ဆောင်ကာ နယူးယောက်ရှိ မက်ဒီဆင်ရင်ပြင်ကိုဖြတ်၍ သမ္မတဘုရှ်အား ဆန့်ကျင်ဆန္ဒပြနေကြသည်ကို ဩဂုတ်၂၉ရက်ကတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မင်ဟက်တန်၌စက်ဘီးသမားများ ဘုရှ်အားဆန္ဒပြ ဘုရှ်၏ စီးပွားရေးမူဝါဒများကို ရှုတ်ချ

နယူးယောက် ဩဂုတ် ၂၈

**အိမ်ဖြူတော်ယာသက်တမ်းအတွက် သမ္မတဂျော့ဒဗလျူဘုရှ် အရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းမည့် ရီပတ်ဘလစ်ကန်ညီလာခံမတိုင်မီ နယူးယောက်မြို့၏ မြို့လယ်ကောင် မင်ဟက်တန်တွင် စက်ဘီးစီးသူ ထောင်ပေါင်းများစွာက သောကြာနေ့၌ စက်ဘီးများစီးနင်းပြီး ဆန္ဒပြခဲ့ကြသည်။**

စက်ဘီးစီးသူများသည် စင်ထရယ်ပါ့ခ်မှနေ၍ ဘရော့ဒ်ဝေးလမ်းအတိုင်း တစ်မိုင်ခန့် စက်ဘီးများစီးနင်းကာ သောကြာနေ့ ညနေပိုင်း၌ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

**ကောင်းချီးပေးခဲ့ကြ**

ဆန္ဒပြမှုသည်သုံး၊လေးနာရီမျှကြာခဲ့ပြီး ဘုရှ်ကို နောက်ထပ်မလိုချင်ကြောင်း အော်ဟစ်ခဲ့ကြသည်။ ယခုဆန္ဒပြမှုသည် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်ထိကျင်းပမည့် ရီပတ်ဘလစ်ကန် ညီလာခံမတိုင်မီ ပထမဆုံးဆန္ဒပြခြင်းဖြစ်သည်။ နယူးယောက်နေ လူထု အများစုသည် ဒီမိုကရက်တစ်ပါတီဝင်များဖြစ်ကြရာ စက်ဘီးစီးဆန္ဒပြသူများကို လက်ခုပ်ဩဘာတီး ကောင်းချီးပေးခဲ့ကြသည်။

**ပြစ်တင်ရှုတ်ချမည်**

အကြီးမားဆုံးသော ဘုရှ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို တနင်္ဂနွေနေ့၌ ကျင်းပရန်ရှိရာ ဆန္ဒပြသူ ၂၀၀၀၀၀ ကျော်သည် ချီတက်ပြီး ဘုရှ်အစိုးရ၏ စီးပွားရေးမူဝါဒများ အီရတ်ကိုဆင်နွှဲသောစစ်ပွဲတို့ကို အော်ဟစ်ပြစ်တင်ရှုတ်ချကြဖွယ် ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၁ရက်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုအတွင်း၌ ပြည်သူတို့၏ လွတ်လပ်မှုပျက်ပြားရခြင်းကိုလည်း ပြစ်တင်ရှုတ်ချကြမည်ဟုသိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## ရာထူးမှထွက်ခဲ့ရသောဘီဘီစီသတင်းစာဆရာဟောင်း တိုနီဘလဲအစိုးရအားထိုးနှက်တိုက်ခိုက်

**အီဒင်ဘာ့ဂ် ဩဂုတ် ၃၀**

ဘီဘီစီသတင်းစာ ဆရာဟောင်း အင်ဒရူးဂျီလီဂန်သည် ဟတ်တန် အစီရင်ခံစာ ပေါ်ထွက်လာသည့် နောက်ပိုင်း ရာထူးမှနုတ်ထွက်ခဲ့ရသည်။ ထိုအချိန်မှစပြီး ပထမဆုံးအကြိမ် လူထုမြင်ကွင်း၌ ပြန်ပေါ်လာခဲ့ရာတွင် တိုနီဘလဲ၏အစိုးရနှင့် ဘီဘီစီအုပ်ချုပ်ရေးမှူးများအဖွဲ့ကို နင့်သီးသောစကားလုံးများသုံးကာ ထိုးနှက်တိုက်ခိုက်ခဲ့သည်။

ဘလဲ၏အစိုးရသည်ပိတ်ပင်ထားသော အီရတ်လက်နက်ကိုင်များ၏ အထောက်အထားကို ပရိသတ် ပိုစိတ်ဝင်စားစေရန် ဘလဲ၏အစိုးရက ဖန်းတီးလုပ်ဆောင်ခဲ့ကြောင်း ရေးသားခဲ့သည့် ဂျီလီဂန်၏သတင်းသည် သူ၏သတင်းပေးဖြစ်သော သိပ္ပံပညာရှင်ဒေးဗစ်ကယ်လီကိုယ့်ကိုယ်ကို သတ်သေအောင်ဖြစ်စေခဲ့သော ကွင်းဆက်အဖြစ်အပျက်ကို ပေါ်လွင်စေခဲ့သည့်ပြင် ဘီဘီစီ၏သမိုင်း ကြောင်း၌ အကြီးမားဆုံး အကျပ်အတည်းဖြစ်ခဲ့သည်။ လော့ဒ်ဟတ်တန်၏ အစီရင်ခံစာက ဘီဘီစီကို အပြင်းအထန်ဝေဖန်ပြစ်တင်ပြီး အစိုးရ၏အမှုကိစ္စကို အကြီးအကျယ်ထောက်ခံခဲ့သည့်အခါ ဘီဘီစီညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်၊ ဥက္ကဋ္ဌ ဂေဗင်ဒေဗီးစ်နှင့် ဂျီလီဂန်ကိုယ်တိုင် ရာထူးမှ မဖြစ်မနေ ထွက်ခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဘလဲအား ဘုရှ်အစိုးရ အကာအကွယ်ပေးနေ ဗြိတိန်အတိုက်အခံခေါင်းဆောင်စွပ်စွဲပြောကြား

လန်ဒန် ဩဂုတ် ၃၀

**ဗြိတိန်အတိုက်အခံကွန်ဆာဗေးတစ်ခေါင်းဆောင် မိုက်ကယ်ဟောင်းဝပ်ကို အမေရိကန်သမ္မတက ဘယ်သောအခါမှတွေ့မည်မဟုတ်ကြောင်း နေ့စဉ်ထုတ်ဆန်းသတင်းစာက ရေးသားဖော်ပြခဲ့ပြီးနောက် ဂျွန်ဟောင်းဝပ်က ဘုရှ် အစိုးရသည် ဝန်ကြီးချုပ်တိုနီဘလဲအား အကာအကွယ်ပေးနေကြောင်း စနေနေ့၌ စွပ်စွဲလိုက်သည်။**

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဂျွန်ဟောင်းဝပ်ကဘလဲ၏ ရပ်တည်ချက်သဘောထားကို ပြစ်တင်ရှုတ်ချခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်ဖြူက ကွန်ဆာဗေးတစ် ခေါင်းဆောင် ဂျွန်ဟောင်းဝပ်အားတွေ့ဆုံခွင့်ကိုပိတ်ပင်ခဲ့ကြောင်း နေ့စဉ်ထုတ်ဆန်းသတင်းစာကရေးသားခဲ့သည်။

**ရေးသား**

သမ္မတ ဂျော့ဒဗလျူဘုရှ်၏ ထိပ်တန်းနိုင်ငံရေး အကြံပေးပုဂ္ဂိုလ်က ဂျွန်ဟောင်းဝပ်ထံ ဖေဖော်ဝါရီလထဲ၌ ဖုန်းဆက်၍ ၎င်းကိုသမ္မတက ဘယ်သောအခါမှ တွေ့မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်ဟု ဆန်းသတင်းစာက ရေးသားသည်။

**ပြောကြား**

ကွန်ဆာဗေးတစ် အစိုးရသည် ဘုရှ် သို့မဟုတ်ကယ်ရီနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်သော်လည်း အတိုက်အခံခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိနိုင်ငံ၏အကျိုးအတွက် မိမိမြင်တွေ့သည်ကို ပြောရမည်ဖြစ်ကြောင်း ဂျွန်ဟောင်းဝပ်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## အမေရိကန်နှင့်ဗြိတိသျှအစိုးရတို့က ဖယ်ရှားရန်ကြိုးပမ်းနေမှု ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ နောက်ဆုတ်အရှုံးမပေး

ဟာရာရေး ဩဂုတ် ၃၀

**မိမိအား အမေရိကန်နှင့်ဗြိတိသျှအစိုးရတို့က ဖယ်ရှားပစ်ရန် ကြိုးပမ်းအားထုတ်လျက်ရှိရာ မိမိဘယ်သောအခါမှ နောက်ဆုတ်အရှုံးပေးမည်မဟုတ်ကြောင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက တနင်္ဂနွေနေ့၌ သန္နိဋ္ဌာန်ပြုလိုက်သည်ဟု ရိုက်တာက ယနေ့သတင်းထုတ်ပြန်သည်။**

မြေယာလက်မဲ့လူမည်းများကို မြေယာများပြန်လည်နေရာချထားပေးရန်အတွက် လူဖြူပိုင်မြေယာများကို မိမိသိမ်းယူခဲ့ပြီးနောက်ပိုင်း ထိုနှစ်နိုင်ငံ အစိုးရများသည် မိမိ၏အစိုးရအဖွဲ့ကို ဖြုတ်ချလိုခဲ့ကြသည်ဟု စစ်မှုထမ်းဟောင်း ဇင်ဘာဘွေအမျိုးသားရေးဝါဒီ အက်ဒီဆင်ဇက်ဗိုဂို၏ဈာပနခ၌ မိန့်ခွန်းပြောကြားရာတွင် ရောဘတ်မူဂါဘီက ပြောကြားခဲ့သည်။

**အပြောင်းအလဲရှိမည်မဟုတ်**

အမေရိကန်နှင့်ဗြိတိန်တို့သည် အုပ်ချုပ်သည့်အစိုးရပြောင်းလဲရန် အရှက်မရှိပြောကြကြောင်း၊ ဤအဖြစ်မျိုး ဤနိုင်ငံ၌ရှိမည်မဟုတ်ကြောင်း ဇင်ဘာဘွေပြည်သူများမှတစ်ပါး အုပ်ချုပ်သည့်အစိုးရ အပြောင်းအလဲရှိမည်မဟုတ်ကြောင်း မူဂါဘီက ပြောကြားသည်။

ဗြိတိန်ဦးဆောင်သော အနောက်အုပ်စု အတိုက်အခံများသည် လူအများအပြားကို အစိုးရနှင့်မဆိုင်သော အဖွဲ့အစည်းများအောက်တွင် နေရာပေးပြီး ဇင်ဘာဘွေနိုင်ငံ မတည်ငြိမ်အောင်နှင့် မိမိအားဖယ်ရှားနိုင်အောင် ကြိုးပမ်းခဲ့ကြကြောင်း၊ မိမိတို့ဘယ်သောအခါမှ နောက်ဆုတ်အရှုံးမပေးကြောင်း မူဂါဘီက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ ( ၆၀ )

အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီးသကာလ မပြောရင် မဖြစ်တော့လို့ပြောပြန်တော့လဲ ပေါက်စ လွန်ရာကျဦးမယ်။ အခုလို ပေါက်စ စကားဦးသန်းနေရတဲ့ အကြောင်းရင်းက အခြားမဟုတ်ပါဘူးခင်ဗျာ။ ပေါက်စတို့ စာပေနယ်၊ သတင်းစာနယ်ထဲက စာပေကဗျာဂုရုကြီး တစ်ဦးနဲ့ သတင်းစာဂုရုကြီးတစ်ဦးတို့ရဲ့ VOAအသံလွှင့်ဌာနနဲ့ ဗျူးကြတဲ့ ဗျူးစကားတွေကို ပေါက်စထောက်ပြစရာတွေ ဖြစ်လာလို့ပါခင်ဗျာ။

ဒီလိုပါခင်ဗျ၊ ပေါက်စရဲ့ ဆောင်းပါး(၅၉)မှာ ပြောခဲ့တဲ့ ရှစ်လေးလုံး အထိမ်းအမှတ် အောက်မေ့ဖွယ် ထူးရှယ်ဗျူးခန်းအစီအစဉ်အရ အဲဒီဂုရုကြီး နှစ်ဦးနဲ့ ဗျူးတာတွေကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၇ရက်နေ့ နံနက်ပိုင်းနဲ့ ညပိုင်းမှာ VOA°က ထုတ်လွှင့်သွားသဗျ။

အဲ-စာပေကဗျာဂုရုကြီးက ဘယ်လိုဗျူးသလဲဆိုရင် သမိုင်းမှာ တော်တော် အရေးကြီး အခန်းကဏ္ဍဖြစ်တဲ့အတွက် မျက်မြင်ကိုယ်တွေ့၊ မျက်ဝါးထင်ထင် တွေ့ရတဲ့၊ မြင်ရတဲ့ မြင်ကွင်းမျိုးကို ဖွဲ့နွဲ့နိုင်မှပေါ့မှာ။ အခုတော့ ခံစားမှုနဲ့ ပြောရရင် ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ ၁၃၀၀ပြည့်အရေးတော်ပုံနဲ့ အတော် တူသတဲ့ဗျာ။ သမိုင်းအရိပ်အယောင်နဲ့ ပြောရင်တော့ အရောင်ချင်းတော်တော် တူနေပြန်သတဲ့ဗျာ။ ပြည်သူတွေရဲ့ လှုပ်ရှားမှုဖြစ်တဲ့ ရှစ်ဆယ့်ရှစ်ကလဲ ဒီသဘော ဖြစ်လို့ သမိုင်းရဲ့ဖြစ်စဉ်အရ ဖွံ့ဖြိုးတိုးတက်မှုကွာပေမယ့် အနှစ်သာရက အတူတူပဲတဲ့ဗျာ။ အဲသဟာအပြင် ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ မကျဆုံးဘဲ အဆင့်တစ်ဆင့်အထိ အောင်မြင်သတဲ့ဗျာ။ ဘိုလိုတွေးရင်လဲ အဆင့်ဆင့် တော်လှန်ပြောင်းလဲခြင်းဆိုတဲ့ စကားအရ အီဗော်လူရှင်းနဲ့ ရီဗော်လူရှင်းဆိုတာ ဆုံးနိုင်တယ်မရှိတဲ့အတွက် ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ အဓိကအောင်မြင်မှုက ဘာလဲဆိုရင် ကျွန်တော်တို့မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေ ကျွန်တော်တို့ ဖြစ်အောင်လုပ်ပြပြီးပြီတဲ့ဗျာ။ ရှစ်လေးလုံး ဒီမိုကရေစီ လှုပ်ရှားမှုကြီးက မဖြစ်နိုင်တာတွေကို ဖြစ်နိုင်တယ်ဆိုတာ လုပ်ပြနိုင်ခဲ့လို့ ထပ်လုပ်ပြမယ်ဆိုလို့ ရှိရင် မရှိဘူးဆိုတဲ့အရာတွေ ရှိလာဦးမှာ ဖြစ်တယ်တဲ့ခင်ဗျာ။

ဘယ်လိုလဲဗျာ၊ ရန်သူမရှိ၊ မိတ်ဆွေသာရှိတဲ့ ငြိမ်းချမ်းရေးသမား စာပေကဗျာဂုရုကြီးက ကိုယ်မမြင်ရတဲ့ ရှစ်လေးလုံး မင်းမဲ့စရိုက်သောင်းကျန်းမှုကို ခံစားမှုကြီးနဲ့ ဖွဲ့နွဲ့ပြလိုက်တာ သမိုင်းအမြင်တွေကော၊ အီဗော်လူရှင်းတွေ၊ ရီဗော်လူရှင်းတွေနဲ့ ဘိုလိုခံစား တွေးတောတာတွေကော ဗျူးပြနေတော့ ဘယ်လို ငြိမ်းချမ်းရေးသမားလဲလို့ ပေါက်စ ဦးနှောက်စားလာသဗျ။

**အဲသလို အတိတ်ထဲက မထွက်ရကောင်းလား ဆိုပြီး တပည့်သားမြေးအချို့က ကတ္တီပါလမ်းခွဲတွေ၊ သံမဏိလမ်းခွဲတွေစာရင်းရှုပ်ပြီး ပွဲဆူနေခဲ့တာ ဒီနေ့ အထိ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ရှင်းလို့၊ လင်းလို့ကို မပြီးနိုင်ဖြစ်နေတာ စာဖတ်ပရိသတ် ပြည်သူအပေါင်း အနေနဲ့ကြားကနေ အခမဲ့မျက်စိသျောင်းနေကြရှာ သတဲ့ဗျာ။**

ရှင်းရှင်းလေးပဲဗျာ၊ ၁၃၀၀ပြည့် အရေးတော်ပုံနဲ့ ရှစ်လေးလုံးမင်းမဲ့စရိုက် သောင်းကျန်းမှုကို တူအောင်ခံစားပြလိုက်တဲ့ အဖွဲ့အနွဲ့မျိုးဟာ ရိုးသားဖြောင့် မတ်တဲ့ ငြိမ်းချမ်းရေးစိတ်ဓာတ်နဲ့ ခံစားမှုမဟုတ်ဘူးလို့ ပေါက်စ ပြောရဲ သဗျ။

ဘာလို့လဲဆိုတော့ ၁၃၀၀ပြည့် အရေးတော်ပုံကြီးက မြန်မာနိုင်ငံလွတ်လပ် ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တော်လှန်တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီး ဖြစ်ပြီး ရှစ်လေးလုံး မင်းမဲ့စရိုက်သောင်းကျန်းမှုက တည်ဆဲလမ်းစဉ်ပါတီ အစိုးရအပေါ် ပြည်သူတွေရဲ့ အထွေထွေမကျေနပ်မှုတွေကို လက်ဝဲလက်ယာ၊ မြေပေါ်မြေအောက်ပါတီတွေနဲ့ ပြည်ပနယ်ချဲ့သြဇာခံတွေ အပါအဝင် ပြည်ပြေး ဟောင်းကြီးတွေ၊ တပ်ပြုတ်၊ ပါတီပြုတ်၊ ဝန်ထမ်းပြုတ်တွေက အမြတ်ထုတ် အသုံးချပြီး နိုင်ငံတော်အာဏာကို အလစ်သုတ်ဖို့ လုပ်ကြံ လှုံ့ဆော်စည်းရုံးတဲ့ မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးပဲ ဖြစ်တယ် ဆိုတာ သမိုင်းဗေဒအမြင်နဲ့ပဲ ကြည့်ကြည့်၊ ဒဿနခံစားမှုနဲ့ပဲကြည့်ကြည့် ပကတိအရှိတရားက ငြင်းကွယ်လို့ မရပါဘူးခင်ဗျာ။ အဲသဟာကိုပဲ သမိုင်းအရိပ်တွေ အယောင်တွေနဲ့ အရိပ်ဆွဲပြ၊ အရောင်ဆိုးပြနေတဲ့ စာပေကဗျာဂုရုကြီးဖြစ်တဲ့ ငြိမ်းချမ်းရေးသမားကြီးဟာ ဒီနေ့အထိ အတိတ်ထဲက မထွက်သေးနိုင်ပါကလားလို့ ပေါက်စ တရား ကျမိသဗျ။ အဲသလို အတိတ်ထဲက မထွက်ရကောင်းလားဆိုပြီး တပည့်သားမြေး အချို့က ကတ္တီပါလမ်းခွဲတွေ၊ သံမဏိလမ်းခွဲတွေစာရင်းရှုပ်ပြီး ပွဲဆူနေခဲ့တာ ဒီနေ့အထိ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ရှင်းလို့၊ လင်းလို့ကို မပြီးနိုင်ဖြစ်နေတာ စာဖတ်ပရိသတ် ပြည်သူအပေါင်းအနေနဲ့ ကြားကနေ အခမဲ့ မျက်စိသျောင်းနေ ကြရှာသတဲ့ဗျာ။

လာသေးသဗျ၊ ဩဂုတ်လ၅ရက်နဲ့၆ရက်မှာ ဗျူးသွားတဲ့ အမျိုးသားနိုင်ငံ ရေးဇာတ်ပျက် ဦးဝင်းနိုင်က ရှစ်လေးလုံးမင်းမဲ့စရိုက် သောင်းကျန်းမှုကြီးဟာ ကျဆုံးခဲ့တယ်လို့ ဗျူးသွားခဲ့ပေမယ့် စာပေကဗျာဂုရုကြီးကတော့ အီဗော်လူရှင်း၊ ရီဗော်လူရှင်းအရ အဆင့်တစ်ဆင့်အထိ အောင်မြင်ခဲ့သတဲ့ဗျာ။ ဘာလို့လဲဆိုတော့ ရှစ်လေးလုံး မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးက မဖြစ်နိုင်တာတွေကို ဖြစ်နိုင် တယ်ဆိုတာ လုပ်ပြနိုင်ခဲ့တဲ့အတွက် ထပ်လုပ်ပြမယ်ဆိုလို့ရှိရင် မရှိဘူးဆိုတဲ့ အရာတွေ ရှိလာဦးမယ်ဖြစ်တယ်ဆိုတော့ ရန်သူမရှိ မိတ်ဆွေသာရှိတယ်ဆိုတဲ့

## ပေါက်စ

ငြိမ်းချမ်းရေးသမား စာပေကဗျာဂုရုကြီးရဲ့ ဩဝါဒကတော့ တစ်နိုင်ငံလုံးပြာပုံ ဘဝရောက်ပြီး သွေးပင်လယ်စီးဆင်းနိုင်တဲ့အပြင် လွတ်လပ်ရေးပါ ဆုံးရှုံး နိုင်တဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုမျိုးကို ထပ်လုပ်ကြပါဦး၊ လုပ်ပြကြပါဦးလို့ လှုံ့ဆော်နေပါကလားဆိုပြီး ပေါက်စ ခံစားနားလည် လိုက်ပါတယ်ခင်ဗျာ။

ဘယ်လိုလဲခင်ဗျာ၊ ငြိမ်းချမ်းရေးသမားကြီးက ငြိမ်းချမ်းရေးစကား၊ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးစကား မပြောဘဲ တိုင်းပြည်မတည်မငြိမ် ဖြစ်အောင် ဆူပူအုံကြွမှုတွေ ထပ်ပြီးလုပ်ပါဦးဆိုတဲ့ လှုံ့ဆော်တိုက်တွန်းတဲ့ စကားတွေနဲ့ သွေးဆာနေတဲ့ ငြိမ်းချမ်းရေးသမားကြီးပဲလို့ ပေါက်စစွဲချက်တင်ရင် မလွန်ပါဘူးခင်ဗျာ။

ခက်တော့လဲ အခက်သားပဲလေ၊ သူပြောသလို မျက်ဝါးထင်ထင် မမြင်ရတော့လဲ သူ့ဘေးပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပြောတာတွေနဲ့ သူပြော ပြောနေတဲ့ ရေဒီယိုကိုပဲ အားကိုးနေရတယ်ဆိုတဲ့ စကားအရ အလိုတော်ရိ အသံလွှင့်ဌာနက ထုတ်လွှင့်တာတွေနားထောင်ပြီး နားယောင်တာလဲ ဖြစ်ချင် ဖြစ်မှာလို့ ပေါက်စလျှော့ဈေးနဲ့ ခံစားနားလည်ပေးရမလိုဖြစ်နေပါတယ်ခင်ဗျာ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ သိတော်မူတဲ့အတိုင်း ရှစ်လေးလုံး မင်းမဲ့စရိုက် သောင်းကျန်းမှုကာလမှာ မထင်ရင်မထင်သလို လူအုပ်နဲ့ဝိုင်းအနိုင် ကျင့်ပြီး မီးရှို့လူသတ်၊ ခေါင်းဖြတ်ခဲ့တဲ့အနိဋ္ဌာရုံတွေ၊ လုယက်တိုက်ခိုက်စီးနင်း ခဲ့တာတွေ၊ အဲသဟာတွေကို ကျူးလွန်ခဲ့တဲ့ ဖြစ်စဉ်တွေမျိုး မြန်မာနိုင်ငံသမိုင်း မှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးတဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်အရ မဖြစ်ထိုက် တာတွေဖြစ်ခဲ့တာကိုပဲ ဖြစ်အောင် လုပ်ပြခဲ့ပြီးပြီဆိုတဲ့စကားနဲ့ ငြိမ်းချမ်းရေး သမား စာပေကဗျာဂုရုကြီးက အားပေးချီးမြှောက်လိုက်တာဟာလဲ ကမ္ဘာရှား ငြိမ်းချမ်းရေးသမားကြီးပါကလားလို့ ပေါက်စရဲ့ အိမ်ခါးပန်းမှာ သား၊ မြေး၊ မြစ်၊တီ၊တွတ်၊ကျွတ်အထိ ဂန္ထဝင်မြောက်မှတ်သားကြဖို့ ထုံးတို့ပြီးမော်ကွန်း တင်ထားပေးပါ့မယ်ခင်ဗျာ။

အဲ-ထားလိုက်တော့ဗျာ၊ အခုဆက်ပြောချင်တာက သူ့ထက်ကဲ ရွှေပြည်စိုး ဆိုသလိုပဲ ဝါရင့်သမ္မာရင့် သတင်းစာဆရာ၊ ကျူရှင်ဆရာ၊ စာနယ်ဇင်းဂုရုကြီး ဗျူးသွားတာတွေကို အတိုကျဉ်းပြီး လိုရင်းလောက်ပဲ ပေါက်စ ထောက်ပြ ပါမယ်ခင်ဗျာ။

ဒီလိုပါခင်ဗျ၊ အဲဒီဂုရုကြီးက ဘယ်လိုဗျူးပြန်သလဲဆိုတော့ ရှစ်ဆယ့်ရှစ် အရေးအခင်းဟာ ပါရီကွန်မြူးနဲ့ နှိုင်းယှဉ်လောက်သတဲ့ခင်ဗျာ။ တစ်နိုင်ငံလုံး လူတန်းစားမရွေး ကလေးသူငယ်ကျောင်းသားလေးတွေ၊ အိုကြီးအိုမအရွယ်တွေ အထိ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မပါဘဲ အုံကြွခဲ့တာဖြစ်တယ် တဲ့ဗျာ။ အာဏာဟာ ပြည်သူ့လက်ထဲရောက်နေပြီး မြို့တွေမှာ ရဲစခန်းတွေ၊ မြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းတွေလဲ ဘာမှမလုပ်တော့တဲ့အတွက် အာဏာဟာ ပြည်သူ့လက်ထဲရောက်နေပြီတဲ့ဗျာ။ အာဏာပြည်သူ့လက်ထဲ ရောက်နေတာကို ခိုင်မာအောင်မလုပ်ဘဲနဲ့ ဖွဲ့ပေးပါ၊ ဖွဲ့ပေးပါလို့ တောင်းနေတာ မှားနေတယ်တဲ့ ဗျာ။ ဘယ်သူ့ဆီ သွားတောင်းနေတာလဲတဲ့ခင်ဗျာ။ အဲ-မြန်မာနိုင်ငံရဲ့ ထွက်ပေါက်ကတော့ တပ်မတော်အစိုးရက တစ်ဦးတည်းသဘောနဲ့မလုပ်ဘဲ အများနဲ့ညှိနှိုင်းပြီး သဘောတူညီချက်မယူဘဲလုပ်နေရင် အောင်မြင်မှာ မဟုတ်တဲ့ အတွက် တကယ်စစ်မှန်တဲ့ အမျိုးသားညီလာခံကြီးလုပ်ပြီး အဖြေရှာရမယ်တဲ့ ခင်ဗျာ။

ဘယ်လိုတွေလဲခင်ဗျာ၊ စာပေကဗျာဂုရုကြီးက ရှစ်လေးလုံးမင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ၁၃၀၀ ပြည့် အရေးတော်ပုံကြီးနဲ့တူတယ်လို့ ဝိဂြိုဟ်ပြု အနက်ဖွင့် နှိုင်းယှဉ်ထားပေမယ့် စာနယ်ဇင်းဂုရုကြီးကတော့ ရှစ်လေးလုံး မင်းမဲ့စရိုက်သောင်းကျန်းမှုကြီးဟာ ပါရီကွန်မြူးနဲ့တစ်တန်းတည်းထားပြီး ဥဒါန်းကျူးစကား ဆိုနေပြန်သဗျ။ အဲသလိုမျိုး ပညာရှင်ဂုရုကြီးနှစ်ဦးရဲ့ အယူ အဆတွေ၊ အတွေးအမြင်ဆန့်ကျင်ကွဲလွဲတဲ့ ပြဿနာထဲမှာ ပေါက်စလို ပိစိကွေးဦးနှောက်နဲ့ ဘာကမှ ကြားမဝင်ရဲပါဘူးခင်ဗျာ။

သို့သော်လဲတဲ့ခင်ဗျာ၊ ပညာရှင်ဂုရုကြီးနှစ်ဦး တူညီနေတဲ့ အခြေအနေ ကတော့ သူတို့နှစ်ဦးလုံးဟာ ကမ္ဘာကြီးတစ်ခုလုံး ဖြစ်ပျက်ပြောင်းလဲနေတယ် ဆိုတာရော မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ တိုးတက်ဖွံ့ဖြိုး မြင့်မားလာတဲ့ ပကတိအရှိတရားတွေကိုပါ လက်တွေ့ မျက်တွေ့ မြင်နိုင်ကြတဲ့ အခြေအနေမရှိရှာတာပဲ ဖြစ်ပါတယ်ခင်ဗျာ။ အဲသလို အခြေအနေမျိုးမှာ ဂုရုကြီးနှစ်ဦးဟာ သူတို့ပြောပြောနေသလို ရေဒီယိုလေး တွေပဲ အားကိုးပြီး နေရတဲ့အတွက် (သတင်းစာဂုရုကြီးကတော့ စလောင်းလဲ ကြည့်နိုင်မယ်ထင်ပါတယ်) သူတို့ရဲ့ အတွေးအခေါ် အယူအဆတွေကလဲ သူတို့နားထောင်နေတဲ့ အသံလွှင့်ဌာနတွေရဲ့ အသံတွေနဲ့၊ ကြည့်နေတဲ့ စလောင်း သတင်းတွေနဲ့၊ သူတို့ပတ်ဝန်းကျင်ရဲ့ ပြောစကား ဆိုစကားတွေလောက်ပဲ ကြားနေရတဲ့အတွက် ဖြောသံကြားနဲ့ တရားနာရတဲ့ ဘဝတွေပဲဖြစ်တယ်ဗျာ။ အဲသလိုအခြေအနေတွေအရ ထင်ယောင်ထင်မှားနဲ့ ပြောမှားဆိုမှားများ ဖြစ် နေကြသလားလို့လဲ ပေါက်စအနေနဲ့သာသာထိုးထိုးလေး ခံစားနားလည်ပေးပါ တယ်ခင်ဗျာ။

ပြောမယ်ဆိုရင်ပေါ့ဗျာ၊ အဲဒီမင်းမဲ့စရိုက်သောင်းကျန်းမှုဆိုတာကို ပြည်သူ လူထုက ဖန်တီးခဲ့တာမဟုတ်ဘူးခင်ဗျာ။ ပြည်သူတွေအနေနဲ့ တည်ဆဲလမ်းစဉ် ပါတီအပေါ် အထွေထွေမကျေနပ်မှုနဲ့ ရိုးရိုးသားသားဆန္ဒပြခဲ့ရင်းက နိုင်ငံရေး တောကြောင်တွေ၊ နယ်ချဲ့သြဇာခံတွေနဲ့ ပြည်ပြေးဟောင်းကြီးတွေရဲ့ အာဏာ လုပွဲအဖြစ် အမြတ်ထုတ်အသုံးချလာတဲ့ အတွက် တစ်နေကုန် အသံကုန်အောင် စီတန်းလမ်းလျှောက် ကြွေးကြော်ရတဲ့ ဘဝကို စက်ဆုပ်ရွံရှာပြီး လက်ပြ နှုတ်ဆက်ခဲ့ကြသဗျ။

အတိတ်က အနိဋ္ဌာရုံတရားတွေကို အတိတ်မှာထားပြီး ပစ္စုပ္ပန်နှင့် အနာဂတ်နိုင်ငံတော်အတွက် ကြိုးပမ်းနေတဲ့ တပ်မတော်အစိုးရရဲ့ နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းတွေကို အသိအမှတ်မပြု၊ အကောင်းမမြင်ဘဲ ကျင်းပဆဲ အမျိုးသားညီလာခံကြီးဟာ တကယ်အစစ် အမှန်မဟုတ်တဲ့အတွက် လက်ရှိ နိုင်ငံရေးအကျပ်အတည်းက ထွက်ပေါက်ရဖို့ တကယ်စစ်မှန်တဲ့ အမျိုးသားညီလာခံကျင်းပပြီး အဖြေရှာရမယ်ဆိုတဲ့ အဆိုးမြင်ဝါဒနဲ့ သတင်းစာ ဂုရုကြီးရဲ့ ဖြောသံကြားနဲ့ တရားနာနေရတဲ့ ဘဝကပေးတဲ့ စကားတွေပဲဆိုတာ ပေါက်စအားနာ မျက်နှာပူပူနဲ့ ပြောပါရစေခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ နိုင်ငံတော်အစိုးရအနေနဲ့ အကြောင်းကြောင်းကြောင့် ယာယီဆိုင်းငံ့ခဲ့ရတဲ့ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပဖို့ ကြေညာ ပြီးတဲ့နောက် ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံနဲ့ ဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်တွေပါမကျန်အောင် ဖိတ်ကြားပြီး တက်ရောက်ရေး အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**သို့သော်လဲပေါ့ဗျာ၊ တရားဝင်နိုင်ငံရေးပါတီတွေနဲ့ အမျိုးသားညီလာခံ မှာ တက်ရောက်ဖို့ ကမ်းလှမ်းညှိနှိုင်း ဆွေးနွေးကြတော့ ပါတီအချို့က အခြေ အနေအရ မဖြစ်နိုင်သေးတဲ့ တောင်းဆိုချက်ကိုပဲ အသေဆုပ်ကိုင်တောင်းဆို နေတဲ့အတွက် ဝမ်းနည်းစွာ လက်ပြနှုတ်ဆက်ခဲ့ရတယ်ခင်ဗျာ။**

ကဲ-ပေါက်စ စကားကို အနားသတ်ပြီး နိဂုံးကမ္ပတ်ပြောချင်တာက VOA အသံလွှင့်ဌာနက ဖြောသံကြားတာနဲ့ တရားနာနေရတဲ့ ဂုရုကြီးနှစ်ဦးကို အခုလိုရွေးချယ်ပြီး အမြတ်ထုတ် အသုံးချလိုက်တဲ့ နိုင်ငံရေးလုပ်ကြံမှုဟာ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက ဘယ်လိုအမည်ပေးကြသလဲ ဆိုတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** တဲ့။ ။



အမှတ် ၁၉၇ ပတ္တမြားလမ်း ဝေဘာဂီ (၂) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးထွန်းကို-ဒေါ်ကြည်ညွန့်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဩဂုတ် ၂၁ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)



ဩဂုတ် ၂၈ ရက်က အမက(၁) လသာ ကျောင်းခန်းမဆောင်၌ ကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် အနှစ်(၂၀) ခွင့်ရက်ပျက်မရှိ ဂုဏ်ပြုဆုရ အလယ်တန်းပြ ဆရာမ ဒေါ်မူမူအုန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရည်ရည်ခိုင်က ဆုချီးမြှင့်စဉ်။ (၅၉)

■ ကျောဖုံးမှ

အဆိုပါဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhira Kaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင် နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာ အဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် °General° Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

## ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံလွတ်လပ်ရေးနေ့ ဝန်ကြီးဦးဝင်းအောင်သဝဏ်လွှာပေးပို့

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၀၄ခုနှစ် စက်တင်ဘာ ၁ ရက်၌ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆိုဒစ်၊ ဆာဖာယက် (ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra ၏ ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။**

(သတင်းစဉ်)

## အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်း

ရန်ကုန် ဩဂုတ် ၃၁

**အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျသဘာပတိအဖြစ် ဒေါက်တာမျိုးသန့်တင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာဦးသိန်းဦး၊ဘိုးစော၊ဗိုလ်ချုပ်အောင်သိမ်းတို့ တက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယ ညွှန်ကြားရေးမှူး များ လည်း တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက် အထိကျင်းပခဲ့သည့်အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈) ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် စာတမ်းများပြုစုခြင်း၊ စိစစ်ခြင်းများကို ဆက်လက်ပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)



**မှတ်သားဖွယ်ရာ မိုးရေချိန်**

၃၀–၈–၂၀၀၄

**ကော့သောင်းမြို့**
၂ ဒသမ ၄၄လက်မ

**ကျောက်ဖြူမြို့**
၂ ဒသမ ၄၀လက်မ

**စစ်တွေမြို့**
၂ ဒသမ ၂၄လက်မ

**ပူတာအိုမြို့**
၂ ဒသမ ၁၇လက်မ

## အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းများအား ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းတက်ရောက်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေနှင့် ဒေါ်ကြူကြူ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၏ဇနီး ဒေါ်စန်းစန်းမြင့်၊ အထူးအရာရှိ၏ဇနီး၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ အမျိုးသမီး အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက်(၁၆)ချက်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ကြီး၏ဇနီး အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်စန်းစန်းမြင့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့်ငွေကျပ် ၂၀၀၀၀၀ ကိုပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ဒေသစိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးအကျိုးပြုမည့် ရမည်းသင်းခရိုင်လယ်ဝေးမြို့နယ်သဲဖြူရေလှောင်တမံဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၁

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅)က မန္တလေးတိုင်းရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရီးရွာအနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင်တည်ဆောက်ပြီးစီးသွားသည့် သဲဖြူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီခွဲတွင် အဆိုပါ သဲဖြူရေလှောင်တမံအနီးရှိမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တက်ရောက်၍ အမှာစကားပြောကြားပြီး** (အပေါ်ပုံ)**သဲဖြူရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဤသဲဖြူ ရေလှောင်တမံသည် လယ်ဝေးမြို့နယ် ရေပြာရီးကျေးရွာအနီးက သဲဖြူချောင်းပေါ်တွင် တည်ရှိပြီး ကြံစိုက်ဧက ၅၀၀ နှင့် လယ်မြေ ဧက ၇၀၀ကို ရေပေးဝေနိုင်မည် ဖြစ်သည့်အပြင် ပိုလျှံသည့်ရေကို ရေနီ ကျောက်အိုး ရေလွှဲဆည်မှတစ်ဆင့် ယင်းရေလွှဲဆည်၏ရေသောက်စနစ်အတိုင်း စိုက်ပျိုးမြေများကို ရေထပ်မံ ဖြည့်စွက်ပေးသွားမည် ဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်းတွင် ယနေ့ဖွင့်လှစ်လိုက်သည့် သဲဖြူရေလှောင်တမံအပါအဝင် ရေလှောင်တမံနှင့် ရေလွှဲဆည်စုစုပေါင်း ၄၂ခုကို တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ဧကပေါင်း၃၃၄၀၀၀ကျော်ကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့မန္တလေးတိုင်းအတွင်းတွင် တည်ဆောက်ပေးခဲ့သည့် ရေလှောင်တမံနှင့် ရေလွှဲဆည် ၄၂ ခု အတွက် နိုင်ငံတော်က ကျပ်သန်းပေါင်း ၁၀၀၆၇ဒသမ၆၁သန်းကျော်အသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးတိုင်းအတွင်းမှာပင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၈ခုနှင့် ဒီဇယ်မြစ်ရေ တင်လုပ်ငန်း ၅၂ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း၇၀ကို ဆောင်ရွက်ပေးခဲ့ပြီး စိုက်ပျိုးမြေဧက ၅၃၆၈၆ဧကကျော်ကို စိုက်ပျိုးရေပေးဝေနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆက်လက်ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်း ကိုးခုကလည်း လယ်မြေဧက ၆၆၇၀၀ကို မကြာမီကာလအတွင်း ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ကြည့်မည်ဆိုလျှင် သဲဖြူရေလှောင်တမံအပါအဝင် ဆည်တမံလုပ်ငန်းပေါင်း ၁၆၃ ခုရှိပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ထွန်းတင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

### စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ထွန်းတင်နှင့် ဧည့်သည်တော်များသည် သဲဖြူရေလှောင်တမံမုခ်ဦးထိပ်၌ နေရာယူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သဲဖြူ ရေလှောင်တမံမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ထွန်းတင်တို့က သဲဖြူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သဲဖြူရေလှောင်တမံ၏ရေထိန်းမျှော်စင်၊ ရေပိုလွှဲနှင့်ပင်မတမံတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ၁၆၃ခုမြောက် ရေလှောင်တမံ

ယခု ဖွင့်လှစ်လိုက်သော သဲဖြူရေလှောင်တမံသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရီးရွာ၏ အနောက်မြောက်ဘက်ခြောက်ဖာလုံအကွာ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ လယ်ဝေးမြို့နယ် သပြေပင်ရွာမှ ရှစ်မိုင်အကွာတွင်တည်ရှိပြီး နိုင်ငံတော်၏ ၁၆၃ခုမြောက်ရေလှောင်တမံဖြစ်သည်။

### စိုက်ပျိုးရေဖူလုံမည်

အဆိုပါရေလှောင်တမံကိုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ ပင်မတမံမှာ အမြင့်ပေ ၆၀ အရှည်ပေ ၂၆၅၀ ရှိ မြေဖို့တမံနှင့် အမြင့်ပေ ၃၀၊ အရှည်ပေ ၃၈၀ ရှိ ကုန်းကြောတမံ နှစ်ခုတို့ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၈၇၁၈ ဧကပေရှိသည်။ ရေထုတ်ပြွန်မှာ အချင်းသုံးပေ၊ အရှည်ပေ၁၉၀ ရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပတ်ဝန်းကျင်ရှိရေပြာရီးကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စုနှင့် ညောင်မုတ်ဆိပ်ကျေးရွာအုပ်စုတို့မှ လယ်စိုက် ဧက ၇၀၀၊ ကြံစိုက်ဧက ၅၀၀ စုစုပေါင်း စိုက်ဧက ၁၂၀၀တို့အတွက် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်တော့မည်ဖြစ်သည်။

သဲဖြူရေလှောင်တမံတွင် အကျယ် ၃၈ပေ၊အလျား ၅၂၂ ပေရှိ ကျောက်စီ သံကူကွန်ကရစ် ရေပိုလွှဲနှစ်ဆင့် ပါဝင်ပြီး ဆည်ရေသောက်စနစ်တွင် အရှည်ပေ၁၂၀၀၀ ရှိ တူးမြောင်းမကြီးတစ်ခု၊ တူးမြောင်းအဆောက်အအုံ ၉၅ လုံးနှင့် လက်တံမြောင်းများ ပါဝင်သည်။

သဲဖြူရေလှောင်တမံမှပိုရေများကို သဲဖြူချောင်းအတွင်း ပြန်လည်ချပေးပြီး ချောင်းအောက်ဘက် ခုနစ်မိုင်အကွာရှိ ရေနီကျောက်အိုးရေလွှဲဆည်သို့ ရေကူပေးနိုင်မည်ဖြစ်ရာ ရေနီကျောက်အိုးရေလွှဲဆည်၏ ဆည်ရေသောက်ဧက၁၃၄၇ဧကအတွက်လည်း စိုက်ပျိုးရေဖြည့်ကူပေးနိုင်မည်ဖြစ်သည်။

### တိုက်ရိုက်အကျိုးပြု

ထို့ကြောင့် သဲဖြူရေလှောင် တမံသည် လယ်ဝေးဒေသ၏ စိုက်ပျိုးရေဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို တိုက်ရိုက် အကျိုးပြုတော့မည်ဖြစ်ကြောင်း သိရှိ ရသည်။

**(သတင်းစဉ်)**

## ငါသည် မြန်မာ

* ခက်ခဲကြုံရန်၊ တမင်ဖန်၍
တစ်ဖန်ပြန်ပြီး၊ ဖန်တီးပုံသွင်
ကယ်တင်ရှင်အလား၊ ပြုမူသွားလျက်
လူသားချင်းချင်း၊ လှည့်ပတ်ခြင်းဖြင့်
ယုံသွင်းစိုးမိုး၊ ထိုလူမျိုးကို
အားကိုးသမှု၊ သွား၍ပြုလျှင်
လူမှုဒုက္ခ၊ ဝိုင်းရံခလိမ့်။

* ကြုံလာခက်ခဲ၊ ဘယ်လောက်သည်းငြား
သူတစ်ပါး၏၊ လှည့်စားယုံသွင်း
ဒုက္ခတွင်းကို၊ မဆင်းရှောင်လွှဲ
ငါပဲပိုင်ပိုင်၊ ဖြေရှင်းနိုင်မှ
ငါ့ဘဝသည်၊ လူပီပီဖြင့်
ခိုင်ကျည်လွတ်လပ်၊ ဂုဏ်ဒြပ်နှင့်
မပြတ်ရပ်တည်၊ ရှိနိုင်မည်ကို
ယုံကြည်စိတ်စွဲ၊ သတ္တိခွဲဖြင့်
အမြဲငါလုပ်သွားမည် ဖြစ်သတည်း။ ။

ပျံလွှား



မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် သဲဖြူချောင်းပေါ်တွင် တည်ဆောက်ပြီးစီးသွားသည့် သဲဖြူရေလှောင်တမံကိုတွေ့ရစဉ်။ (သတင်းစဉ်)

## သံဃာတော်နှင့်သီလရှင် အပါး ၃၀၀၀၀ အား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းရေးစည်းဝေး

**ရန်ကုန် ဩဂုတ် ၃၁**

ထိုင်းနိုင်ငံမှ ဘာသာရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကန်ချနာဘူရီရှိ Dhammaland Foundation to Support the World Daen Mahamongkol အဖွဲ့မှ မဟာသံဃာ့ဒါနအထိမ်းအမှတ်အဖြစ် သံဃာတော်နှင့် သီလရှင်အပါး ၃၀၀၀၀ အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**(သတင်းစဉ်)**

## မဒေါက်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၃၁

**စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ သို့ ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၆၇၅၀)ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ



ရန်ကုန် ဩဂုတ် ၃၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

## တွေ့ဆုံပွဲတက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်လေ့လာ၊ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် ဩဂုတ် ၃၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ်ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးနှင့်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးမြန်မာဘုရင်များလက်ထက်မှ မျက်မှောက်ခေတ်ကာလအထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် ပြကွင်းပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ရဲမှူးချုပ်ဇော်ဝင်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်သည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ပြတိုက်အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်သည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်း၍ ရွှေတိဂုံစေတီတော်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်) General Chaisit Shinawatra နှင့် အဖွဲ့ဝင်များ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့**





# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်( ကြည်းတပ် )ဦးစီးချုပ်နှင့်ဇနီးအားကြိုဆိုနှုတ်ဆက်

● **ကျောဖုံးမှ**

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်သည် နံနက်၉နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အလားတူ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatraကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁) တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံရာတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူစဉ်။**

**(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမဆောင်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

**(သတင်းစဉ်)**



**တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် င်းပြခန်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။**

**(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား

**၁-၉-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသာနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ ရွှေလီတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Learning English the Easy and Happy Way for Children and Beginners

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၈။ ကြွံခိုင်ကျန်းမာပြည်မြန်မာ
- ၁၇:၅၅ ၉။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၈:၀၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၂၀ ၁၂။ သက်တံရောင်သံစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၁၉:၂၅ ၁၇။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၈။ မြေဆီလည်းမပျက် သီးနှံလည်း အထွက်တိုးစေမှာ ဒေသထွက်မြေဩဇာ
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ “မဟာဇနက္ကဇာတ်တော်ကြီး”(ရုပ်သေးပြိုင်ပွဲ)(ဒုတိယဆု) (ရန်ကုန်တိုင်း)

# တည်ငြိမ်အေးချမ်းပြီးတရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျစီမံဆောင်ရွက်နိုင်မည် မြို့နယ်အဆင့်တာဝန်ရှိသူများကျေးလက်အထိဆင်းပြီး ပြည်သူများပူးပေါင်းပါဝင်လာရေး ဖြည့်ဆည်းစည်းရုံး ပြည်သူများအကြား အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားမှ ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့မည် လူမှုရေးအဖွဲ့အစည်းများ၏ထက်မြက်သည့်စွမ်းအား အကျိုးရှိရှိအသုံးချပြီး ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးရေးကြိုးပမ်း





ရန်ကုန် ဩဂုတ် ၃၁

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ကျင်းပသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ရဟတ်ယာဉ်များဖြင့် သာဂရမြို့မှ ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ရေတာရှည်မြို့သို့ ရောက်ရှိကြသည်။**

## ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီ၊ တပ်မတော်အရာရှိကြီးများ၊ တောင်ငူခရိုင်နှင့် ရေတာရှည်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက မြို့နယ်၏တည်နေရာ၊ လူဦးရေ၊ မြေသယံဇာတနှင့် ရေသယံဇာတအခြေအနေ၊ ၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး၊နွေစပါး စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံရေး အခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောစိုက်ခင်းထူထောင်ရေး၊ စည်ပင်သာယာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရေတာရှည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရန် မိမိနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဤဒေသသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရေတာရှည်မြို့နယ်သို့ ယခင်အခါက ရောက်ရှိခဲ့စဉ်ကလည်း ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်အတော်များများကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်သလို ယနေ့အခမ်းအနားတွင်လည်း မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်ရာ ရေတာရှည်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ရပ်ရွာဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့်တကွ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အပိုင်းကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

## တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာတွင် အဓိကအားဖြင့် အခြေခံလိုအပ်ချက် သုံးရပ်ရှိရာ ယင်းအခြေခံ လိုအပ်ချက်သုံးရပ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းစေရအောင် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။



**ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ် သုံးထပ်စာသင်ဆောင်များ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဩဂုတ် ၂၉ရက်က ရေတာရှည်မြို့မှ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမလိုအပ်ချက်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနေမှသာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား နယ်မြေဒေသအနှံ့သို့ လွှမ်းခြုံရောက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

## စည်းရုံးဆောင်ရွက်

ရေတာရှည်မြို့နယ်အပါအဝင် ပဲခူးရိုးမဝန်းကျင်ဒေသများမှာ ယခင်ခေတ်ကာလက လက်နက်ကိုင်သောင်းကျန်းမှုများရှိနေခဲ့သဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခဲ့ကြောင်း၊ ယနေ့မိမိတို့ခေတ်ကာလတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းနေပြီဖြစ်ရာ တရားဥပဒေစိုးမိုးရေး ပြည့်ပြည့်ဝဝ ဖြစ်ထွန်းနေစေရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသများအထိဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အပြည့်အဝရရှိစေရအောင် ပံ့ပိုးပေးဖွယ်ရာများပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်ကြဖို့လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ဒုတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်အတွင်း စီးပွားရေး အခြေခံကောင်းများဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းစေရေးပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသများမှအစပြုပြီး မြို့နယ်အဆင့်အထိ စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းပြီး ဒေသ၏ စီးပွားရေးတိုးတက်မြင့်မားရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ မှန်ကန်သောစီမံခန့်ခွဲမှုအပေါ်တွင် များစွာတည်မှီနေကြောင်း။ ***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

***စာမျက်နှာ ၁၀ မှ***

အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျစီမံခန့်ခွဲ ဦးဆောင်မှုပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးဖို့လိုကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရဌာန တာဝန်ရှိသူများနှင့် ပြည်သူများ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် အကျိုးပြုပြီး ဒေသ၏ကုန်ထုတ်လုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင်၊ ဒေသ၏စီးပွားရေးတောင့်တင်းခိုင်မာပြီး ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားအောင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တတိယလိုအပ်ချက်မှာ တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားခိုင်ကျည်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်းရှိရေး၊ တစ်နည်းအားဖြင့် ပြည်သူများ၏ စည်းလုံးညီညွတ်ရေးဖြစ်ထွန်းနေစေဖို့ပင်ဖြစ်ကြောင်း။

ပြည်သူများအကြား အမျိုးသားရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို တညီတညွတ်တည်း လက်တွဲဖော်ဆောင်ကြမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီးလည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း။

### ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုတိုးပွားခိုင်ခံ့မည်ဆိုသည့် သဘောထား ခံယူချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးကို အကွက်ချ စီမံချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ မြို့နယ်အတွင်း ရှိထားပြီးဖြစ်သော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း များကို စည်းရုံးဦးဆောင်လျက် ယင်းလူမှုရေးအဖွဲ့အစည်းများ၏ ထက်မြက်သည့် စွမ်းအားကို တစုတစည်းတည်းပေါင်းစုလျက် ထိရောက်အကျိုးရှိစွာ အသုံးချပြီး ကျေးလက်ဒေသများမှအစပြုကာ မိမိတို့ မြို့နယ်တစ်ခုလုံး၊ ထိုမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများ၏ မှန်ကန်သော ကြိုးပမ်းဆောင်ရွက်မှု၊ စေတနာပါသော ပံ့ပိုးကူညီမှုများကို ပြည်သူအများ သိမြင်ခံစားရသည်နှင့် အမျှ ပြည်သူများ၏ နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှု၊ ပူးပေါင်းပါဝင်မှုတို့ ဖြစ်ထွန်းလာပြီး မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများလည်း အောင်မြင်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်၏ ဦးစီးဦးဆောင်ပြုမှုအောက်တွင် ပြည်သူအများ တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်းပါဝင်လာသည်နှင့်အမျှ ပြည်သူများ အကြား စိတ်ဓာတ်ရေးရာ အခြေခံများ တိုးတက်မြင့်မားပြီး အမျိုးသားရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့လည်း ပိုမိုတိုးတက် ထွန်းကားပြန့်ပွားလာမှာ ဖြစ်ကြောင်း။



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃၀ရက်က ပဲခူးတိုင်း တောင်ငူမြို့ တောင်ငူတက္ကသိုလ် ပင်မဆောင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**





## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံလိုအပ်ချက်(၃)ရပ်

- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနေမှသာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားနယ်မြေဒေသအနှံ့သို့ လွှမ်းခြုံရောက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မည်၊
- ❒ နိုင်ငံတော်အတွင်း စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းစေရေးပင်ဖြစ်သည်။
- ❒ တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားခိုင်ကျည်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်းရှိရေး၊ တစ်နည်းအားဖြင့် ပြည်သူများ၏ စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းနေစေဖို့ပင်ဖြစ်သည်။

### တညီတညွတ်တည်း လက်တွဲပူးပေါင်း

သို့ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများကို အခြေခံအကျဆုံးဒေသများဖြစ်သည့် ကျေးလက်ဒေသများနှင့် မြို့နယ်များတွင် အခြေခိုင်ခိုင်မာမာဖြင့် အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက စည်းရုံးဦးဆောင်လျက် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တိုင်းရင်းသားပြည်သူများအားလုံးက တညီတညွတ်တည်း လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် သာဂရမြို့ အခြေခံပညာအထက်တန်းကျောင်းများအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေတာရှည်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာထွန်းနေအောင်နှင့် ဆရာဝန်၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ ခွဲစိတ်ခန်း၊ လူနာဆောင်များ၊ ကာကွယ်ဆေးများသိုလှောင်သည့်

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

*စာမျက်နှာ ၁၁ မှ*

အအေးခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် လိုအပ်ချက်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရေတာရှည်မြို့မှ ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ပျဉ်းမနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

## ပျဉ်းမနားပြည်သူ့ဆေးရုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ဆေးရုံအုပ် ဒေါက်တာဦးညွန့်လှိုင်၊ ဆရာဝန်၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံရှိ ကလေးလူနာခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီး၊ အမျိုးသားလူနာဆောင်များ၊ ဆေးသိုလှောင်ခန်းနှင့် စရိတ်မျှပေးဆေးဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

## ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံနှင့် ဆေးရုံဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး ဆေးရုံအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပျဉ်းမနားမြို့မှထွက်ခွာကြရာ နံနက် ၁၀နာရီတွင် ပဲခူးတိုင်း တောင်ငူမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စစ်ဘက်နယ်ဘက်မှ အကြီးအကဲများက ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖြည့်စွက်ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား တောင်ငူတက္ကသိုလ်တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက တက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များကိုလည်းကောင်း၊ တည်ဆောက်ရေးဆိုင်ရာပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း Master Plan အတိုင်း လိုအပ်သည့် အဆောက်အအုံများကို အချိန်တိုအတွင်း ခိုင်ခံ့ညားထည်ဝါစွာဖြင့် တည်ဆောက်သွားရေးမှာကြားပြီး တက္ကသိုလ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ်၃၀ရက်က ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူနေသူ ကလေးတစ်ဦးကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ် ပင်မဆောင် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တည်ဆောက်ဖွင့်လှစ်ပြီး စာသင်ဆောင်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်လမ်းမကြီးပေါ်ရှိ လဲဘူးစံပြကျေးရွာ ရပ်ရွာ ပညာပဒေသာဒါန ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက်နှင့် လဲဘူးစံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ဝင်ရောက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းနှင့် ဆရာမများအား ကျောင်း၏ ပညာရေး၊ သင်ကြားရေးဆိုင်ရာများ မေးမြန်းပြီး ကျောင်း၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လဲဘူးစံပြ ကျေးရွာမှ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## တောင်ငူမြို့အစိုးရနည်းပညာကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ကျောင်းအုပ်ကြီး ဦးစိုးဝင်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ကောလိပ်စည်းဝေးခန်းမ၌ ကျောင်းအုပ်ကြီးဦးစိုးဝင်းက အစိုးရနည်းပညာကောလိပ်၏ သင်ကြား စီမံကိစ္စရပ်များ၊ အသစ်ဆောက်လုပ်မည့် တောင်ငူမြို့ အစိုးရနည်းပညာကောလိပ် ဒီဇိုင်းပုံစံ အဆိုပြုတင်ပြချက်များကို ရုပ်ပုံ ကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး အသစ်ဆောက်လုပ်မည့် အစိုးရနည်းပညာကောလိပ် အဆိုပြုဒီဇိုင်းပုံစံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## တောင်ငူမြို့ အစိုးရကွန်ပျူတာကောလိပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကောလိပ်စည်းဝေးခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ခိုင်မိုးနွယ်က အစိုးရကွန်ပျူတာကောလိပ်၏ လက်ရှိသင်ကြားစီမံဆိုင်ရာ ကိစ္စရပ်များ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပံ့ပိုးဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရနည်းပညာကောလိပ် ပင်မစာသင်ဆောင် ဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ငူလေဆိပ်သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင်မိုးသက်လေပြင်းကျပြီးလှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၃၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။**

**ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၆း၃၀ နာရီ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်၊ အနောက်တောင် ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့ဘက် မိုင်၁၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိသည်။**

**စက်တင်ဘာ ၁ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

## အိုင်ဒီယာမဂ္ဂဇင်းဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၃၁**

ဆရာဦးခင်မောင်ပြောပြခဲ့သော ယနေ့ပန်းချီ၊ ယူကီကိုကြည်၏ Beauty Saloon အချို့မှ Idea များ၊ ရူပါသိမ်း၏ ကြည့်တတ်မှလှမယ်၊ တာရာမင်းဝေ၏ လူနှင့်ပုစ္ဆာ အတွေး၊ ဖေမြင့်၏ ပရဟိတသမား တောမက်(စ်)ကင်နန်အပါအဝင်၊ မောင်စူးစမ်း၊ ဒေါက်တာကျော်စိန်၊ မောင်ဆုရှင်၊ စိုးသိဏ်း၊ သစ်နေ၊ မြတ်ထွေးညွန့်၊ နေဝင်းမြင့်၊ မြတ်ခိုင်၊ လွန်းထားထား၊ မင်းခိုက်စိုးစံ၊ အံ့ဘွယ်၊ ကံချွန်၊ ဝေရတ်၊ တင်လတ်သန္တာဗိုလ်၊ သျှီသူအောင်၊ အောင်ရင်ငြိမ်း၊ ဟိန်းမြတ်ဇော်၊ ခန့်မင်းထက်တို့၏ လောကနှင့် ဘဝအလှ၊ ရသဗေဒများ ထင်ဟပ်ရေးဖွဲ့ထားသော ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများဖြင့် စက်တင်ဘာလထုတ် Idea မဂ္ဂဇင်းကို အမှတ်၁၂၇ မြေညီထပ် ၄၃လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# စင်ကာပူနှင့်မလေးရှားတို့တွင်ကျင်းပမည့် တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာနွှဲမည်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၃၁**

စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ၂၀၀၄ခုနှစ် စက်တင်ဘာလ၌ကျင်းပမည့် တံခွန်စိုက်ဖိတ်ခေါ် ပြေးခုန်ပစ် ပြိုင်ပွဲများတွင် မြန်မာ့ပြေးခုန်ပစ်မောင်မယ်များ ပါဝင် ဆင်နွှဲကြမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၄ရက်မှ ၅ရက် အထိ ကျင်းပမည့် (၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက် ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာ့ပြေးခုန်ပစ်မောင်မယ် ရှစ်ဦး ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

မြန်မာ့ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာ နိုင်ငံပြေးခုန် ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း (ထူးထရေးဒင်း ကုမ္ပဏီလီမိတက်)က ဆောင်ရွက်မည်ဖြစ်ပြီး နည်းပြချုပ် ဦးကျော်ခင်က အမျိုးသားနည်းပြ အဖြစ်လည်းကောင်း၊ အမျိုးသမီး နည်းပြအဖြစ် ဒေါ်နုနုရီက ဆောင်ရွက် မည်ဖြစ်သည်။



**ပြည်တွင်း ပြည်ပ ပြိုင်ပွဲများနှင့် ပတ်သက်၍ နည်းပြချုပ် ဦးကျော်ခင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။**

**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

အမျိုးသားအားကစားသမားများမှာ မီတာ၁၀၀ နှင့် ၂၀၀အတွက် နေအောင်(ပြည်ထဲရေး)၊ မီတာ၅၀၀၀ နှင့် ၁၀၀၀၀ အောင်သီဟ(ပြည်ထဲရေး) တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီး အားကစားသမားများမှာ မီတာ ၂၀၀၊ ၄၀၀နှင့် လေးယောက် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ကေခိုင် လွင်(ပြည်ထဲရေး)နှင့် လဲ့လဲ့ဝင်း(စီးပွား/ ကူးသန်း)၊ မီတာ၈၀၀နှင့် လေးယောက် လက်ဆင့်ကမ်းပြိုင်ပွဲ ယဉ်ယဉ်ခိုင်(မြို့တော်စည်ပင်)၊ မီတာ၈၀၀၊ မီတာ၁၅၀၀နှင့် လေးယောက် လက်ဆင့် ကမ်းပြိုင်ပွဲ မြင့်မြင့်အေး(မြို့တော်စည်ပင်)၊ မီတာ၁၅၀၀ နှင့် မီတာ၅၀၀၀ပြိုင်ပွဲ ဖြူဝါသက် (စက်မှု–၁)၊ မီတာ ၅၀၀၀လမ်းလျှောက်ပြိုင်ပွဲ ကေခိုင်မျိုးထွန်း (စီးပွား/ ကူးသန်း)တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၉ရက်မှ၁၁ရက်အထိကျင်းပမည့် (၈၁)ကြိမ်မြောက် မလေးရှား အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ မြန်မာ့ ပြေးခုန်ပစ်မောင်မယ်လေးဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ် သည်။

မြန်မာ့ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာ နိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အမှုဆောင် ဦးသာအောင် (လောင်ဗျစ်ကျောက်မျက်ရတနာကုမ္ပဏီ)ကဆောင်ရွက်ပြီး နည်းပြအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ကြပ်ကြီး ဌေးဝင်းက ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားအားကစားသမားများမှာ လုံတံပစ်ပြိုင်ပွဲ၌ ကျော်စွာမိုး(မြို့တော်စည်ပင်)၊ မီတာ၅၀၀၀နှင့် ၁၀၀၀၀ ပြိုင်ပွဲ၌ ဇော်မင်းထွေး(သစ်တော)နှင့် တင်ဆောင်ဝင်း (ပြည်ထဲရေး)တို့ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲအတွက် နေနေ ဝင်း (လယ်/ဆည်)တို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ တင်ဆောင်ဝင်းနှင့်နေနေဝင်းတို့သည် မျိုးဆက်သစ်ပဏာမ လက်ရွေးစင်များဖြစ်ကြသည်။ တုတ်ထောက်ခုန်ပြိုင်ပွဲ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

နိုင်ငံတကာ ပြိုင်ပွဲများအတွက် လူရွေးချယ်ခြင်း ရည်ရွယ်ချက်နှင့် ပြည်တွင်းပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ ရခြင်းအကြောင်းနှင့် ရည်ရွယ်ချက်များကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် နည်းပြချုပ် ဦးကျော်ခင်၊ အထွေထွေ အတွင်းရေးမှူး ဦးမြသန်းထိုက်တို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

နည်းပြချုပ် ဦးကျော်ခင်က "မိမိတို့၂၀၀၄ ခုနှစ် မတ်လမှစတင်၍ ပြေးခုန်ပစ်ပဏာမလက်ရွေးစင် ၁၇ဦး၊ နိုင်ငံအတွက်၊ အဖွဲ့ချုပ်အတွက် ရေရှည်အလားအလာ ရှိသူ၁၂ဦး စုစုပေါင်းအမျိုးသား၊ အမျိုးသမီး၂၉ဦး စခန်း သွင်း၍ နည်းပြဆရာ ၁၃ ဦးနှင့် လေ့ကျင့်ပေးပြီး ယင်းတို့ ထဲမှ နိုင်ငံတကာပြိုင်ပွဲများအတွက် လိုက်လျောညီထွေမည့် အားကစားသမားများနှင့် မျိုးဆက်သစ်မောင်မယ်များကို ရွေးချယ်၍ စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ တာလတ် တာဝေး အားကစားနည်းတွင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ ပေါ်ထွန်းရန်ရည်ရွယ်၍ မကြာမီ ကျင်းပမည့် ၁၅ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲကြီးကို မြို့ကြီးကိုးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပတော့မှာ ဖြစ်ကြောင်း၊ မြို့ကိုးမြို့အတွက် ကျပ်ခြောက်ဆယ့် သုံးသိန်းကိုးသောင်းအကုန်အကျခံပြီးကျင်းပရခြင်းဖြစ်၍ နိုင်ငံတစ်ဝန်းလုံးရှိ ထူးချွန်ထက်မြက်သည့် ရွက်ပုန်းသီး တာလတ်တာဝေး အားကစားသမားများပေါ်ထွန်းလာမည် ဖြစ်ကြောင်း၊ နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် ပြည်နယ်နှင့် တိုင်း လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကိုကျင်းပရန် စီစဉ်ထား ကြောင်း၊ အမျိုးသား(၁၈)နှစ်အောက်(Youth)ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား၁၇မျိုးကျင်းပမည်ဖြစ်ကြောင်း၊ အမျိုး သားအသက်(၂၀)နှစ်အောက်(Junior)ပြိုင်ပွဲတွင် ပြိုင်ပွဲ ၁၉မျိုးကျင်းပသွားမှာဖြစ်ကြောင်း၊ အမျိုးသမီး(၁၈)နှစ်အောက်(Youth) ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား၁၆မျိုးနှင့် အမျိုးသမီးအသက်(၂၀)နှစ်အောက် (Junior) ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၈မျိုး ပါဝင်ကြောင်း၊ အဆိုပါ လူငယ် ပြေးခုန်ပစ်ပွဲများ ကျင်းပရခြင်း အဓိက ရည်ရွယ်ချက်များမှာ ပြေးခုန်ပစ် အားကစားနည်း ကျောင်းသားလူငယ် ထုအတွင်း လူငယ်သွေးသစ်များပေါ် ထွန်းလာစေရန်၊ နိုင်ငံတကာပြိုင်ပွဲ များတွင် ပြိုင်ပွဲအမျိုးအစားများများ၊ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေး အတွက်လည်းကောင်း၊ အဆိုပါ ပြိုင်ပွဲမှ ထွက်ပေါ်လာမည့် လူငယ်များအား ခါးဆက်ပြတ်နေသည့် နိုင်ငံ့ဂုဏ် ဆောင် လက်ရွေးစင်များနေရာတွင် အစားထိုးရန် စသည့်ရည်ရွယ်ချက် များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြသန်းထိုက်က ဒိုင် သင်တန်းနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၏ ပြည်တွင်း ပြိုင်ပွဲများ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းပြရာတွင် "မိမိတို့အဖွဲ့ချုပ်အနေဖြင့် မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူး၊မော်လမြိုင်၊ ပြင်ဦးလွင်၊ဟားခါး၊ မြစ်ကြီးနား စသည့် မြို့ကြီးရှစ်မြို့တွင် လေ့ကျင့်ရေးစခန်းများ တည်ထောင်ပြီး နှစ်လုံးပေါက်လေ့ကျင့်နိုင်အောင် အဖွဲ့ချုပ်မှ နည်းပြနှစ်ဦး သို့မဟုတ် သုံးဦးကို ထောက်ပံ့ကြေးပေးပြီး သင်ကြားရန် စီစဉ်လျက်ရှိကြောင်း၊ စက်တင်ဘာလတွင်တောင်ကြီးမြို့၌ ပြေးခုန်ပစ် အခြေခံဒိုင်လူကြီးသင်တန်းကိုလည်းကောင်း၊ အောက်တိုဘာပထမပတ်တွင် အဖွဲ့ချုပ်နှင့်ဌာနဆိုင်ရာများ ပါဝင်သည့် အခြေခံဒိုင်လူကြီးသင်တန်းများ ဖွင့်လှစ်ပေးသွား မည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများအနေဖြင့် ဒိုင်လူကြီး သင်တန်းဖွင့်လိုလျှင် မိမိတို့အဖွဲ့ချုပ်မှ နည်းပြစရိတ်ကို အကုန်အကျခံပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၀၄–၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ ပြည်တွင်းပြိုင်ပွဲများကျင်းပ သွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ တတိယပတ်တွင် (၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၀)နှစ်နှင့် အောက်နှင့် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၈) နှစ်နှင့်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကြီးကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင်လည်းကောင်း၊ နိုဝင်ဘာလ တတိယပတ်တွင် (၃၇)ကြိမ်မြောက် ဌာနခွဲပေါင်းစုံပြေးခုန် ပစ်ပြိုင်ပွဲ အလွတ်တန်းနှင့် သက်ကြီးတန်းပြိုင်ပွဲများကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် လည်း ကောင်း၊ ဒီဇင်ဘာဒုတိယပတ်တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌဒိုင်း (၅)ကြိမ်မြောက် လူငယ်အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ် ပြိုင်ပွဲနှင့် ဒီဇင်ဘာ နောက်ဆုံးပတ်တွင် (၃၆)ကြိမ်မြောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)တွင်လည်းကောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ ဒုတိယ ပတ်တွင် ပထမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်း လိုက် ၁၅ကီလိုမီတာ တာဝေးပြေးပွဲကြီးကို အောင်ဆန်း ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ပထမပတ်တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၃)ကြိမ်မြောက် အမျိုးသား တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် ခမ်းခမ်းနားနား ကျင်းပ သွားမည်ဖြစ်ကြောင်း" ရှင်းပြသွားသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာ ပြိုင်ပွဲများယှဉ်ပြိုင်ခြင်း၊ ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေး ခြင်းဖြင့် နိုင်ငံအတွက်အားထားရပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် မျိုးဆက်သစ်လူငယ်ပြေးခုန်ပစ် မောင်မယ်များ ပေါ်ထွက်လာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**(မြန်မာ့အလင်း)**

## ဂျပန်ဟွတ်ကိုင်ဒို မာရသွန်ပြိုင်ပွဲ ဂျပန်အမျိုးသမီးနှင့် ကင်ညာအမျိုးသားဗိုလ်စွဲ

**တိုကျို ဩဂုတ် ၃၀**

ဂျပန်အမျိုးသမီး ကမ္ဘာ့ကြေး တံဆိပ်ရှင် မာဆက်ချီဘာသည် တနင်္ဂနွေနေ့က ကျင်းပသော ဟွတ်ကိုင်ဒိုမာရသွန်အပြေးပြိုင်ပွဲတွင် သူမ၏ဒုတိယမြောက်သရဖူကို ရယူနိုင်ခဲ့ သည်။

အဆိုပါနေ့က ဂျပန်နိုင်ငံ ဆပ်ပိုရို၌ ပြုလုပ်သော အမျိုးသားမာရသွန် ပြိုင်ပွဲတွင် ဂျပန်အခြေစိုက် ကင်ညာ အပြေးသမား လာဘင်ကာဂျီကာက အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ချီဘာသည် သူမ၏ပြိုင်ဘက် မိုင်တာဂါမီကို ၂၇မီတာ အရောက်တွင် ချန်ထားနိုင်ခဲ့ပြီး ၂နာရီ ၂၆မိနစ် စက္ကန့် ၅၀ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ကာဂျီကာသည် ၂နာရီ ၁၂မိနစ် စက္ကန့်၂၀ဖြင့် ပန်းဝင်ခဲ့ပြီး ဗိုလ်စွဲခဲ့ ခြင်း ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား အားကစား



**ဆဲလ်တစ်အသင်းမှ စတီလီ ယန်ပီထရော့ဗ် သယ်ယူလာသော ဘောလုံးကို ရိန်းဂျားစ်အသင်းမှ ဒရာဂန်အမ်လာဒင်နိုဗစ်က လုယူ ရန် ကြိုးစားစဉ်။**

**(ဓာတ်ပုံ–အင်တာနက်)**

## စပိန်လာလီဂါအဖွင့်ပွဲစဉ်များယှဉ်ပြိုင် ရီးယဲမက်ဒရစ်၊ဘာစီလိုနာနှင့်ဗလင်စီယာတာထွက်ကောင်း

**မက်ဒရစ် ဩဂုတ် ၃၁**

စပိန်လာလီဂါပွဲစဉ်များကိုဩဂုတ် ၂၈ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပ ခဲ့ရာ အသင်းကြီးများဖြစ်ကြသည့် ရီးယဲမက်ဒရစ်၊ ဘာစီလိုနာနှင့် ဗလင် စီယာအသင်းတို့ အဖွင့်တာထွက် ကောင်းခဲ့သည်။

ရီးယဲမက်ဒရစ်နှင့် မာလော့ကာ တို့ပွဲတွင် ရီးယဲမက်ဒရစ်က တစ်ဂိုး– ဂိုးမရှိဖြင့် နိုင်သွားသည်။ အနိုင်ဂိုးကို ၅၂မိနစ်တွင် ရော်နယ်ဒိုကသွင်းပေး ခဲ့သည်။

ဘာစီလိုနာနှင့် ရေဆင်းတို့ပွဲတွင် ဘာစီလိုနာအသင်းက နှစ်ဂိုး–ဂိုးမရှိ ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးကို ၆၈မိနစ်တွင် လူဒိုဗစ်ဂျူလီက လည်းကောင်း၊ ၇၄မိနစ်တွင် ဆာမူရယ်အီတိုးကလည်းကောင်း သွင်းယူပေးခဲ့သည်။

ဗလင်စီယာနှင့် ဗီလာရီးယဲတို့ပွဲတွင် ဗလင်စီယာအသင်းက နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဗလင်စီယာအတွက် ကားလော့မာချန်နာနှင့် ရူဘင်ဘာရာဂျာတို့က တစ်ဂိုးစီ သွင်းပေးခဲ့ပြီး ဗီလာရီးယဲအတွက် ချေပဂိုး ကို ဖော်လန်က သွင်းယူခဲ့သည်။

ဆီဗီးလားနှင့် အယ်လ်ဘာစီတီ အသင်းတို့ပွဲတွင် ဆီဗီးလားအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး အနိုင်ဂိုးကို ရီနာတိုက သွင်းယူပေးခဲ့ သည်။

အိုဆာဆူနာအသင်းနှင့် ဘီလ်ဘာအိုတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ် သွားခဲ့သည်။ အိုဆာဆူနာ အတွက် ဂျို့စ်ရိုမီယို ဂျိုဆက်ဟိုက သွင်းပေးခဲ့ပြီး ဘီလ်ဘာအိုအတွက် ဂျို့စ်ဘာအက်စီဘာရီယာက သွင်းခဲ့သည်။

ရီးယဲဆိုစီဒက်နှင့် လီဗန်တေးတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွား သည်။

ရီးယဲဇာရာဂိုဇာနှင့် ဂီတာဖေးအသင်းတို့ပွဲတွင် ရီးယဲဇာရာဂိုဇာက သုံးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အနိုင်ဂိုးများကို အဂ္ဂိနိုအယ်ဗာရိုက နှစ်ဂိုးနှင့် ဆာဗီယိုက တစ်ဂိုး သွင်းယူပေးခဲ့သည်။ ဂီတာဖေးအသင်းအတွက် ချေပဂိုးကို ဂျို့စ်အင်တိုနီယိုက သွင်းယူခဲ့သည်။

**(အင်တာနက်)**

## စကော့တလန်ချန်ပီယံလိဂ် ဆဲလ်တစ်အသင်း ထိပ်ဆုံးမှဦးဆောင်

**ဂလက်ဂေါ ဩဂုတ် ၃၀**

စကော့တလန် ချန်ပီယံလိဂ် ဆဲလ်တစ်အသင်းသည် ရိန်းဂျားစ် အသင်းနှင့် တနင်္ဂနွေနေ့က ယှဉ်ပြိုင် ကစားရာတွင် ကွင်းလယ်ကစားသမား အလန်သော်မဆင်က ဆဲလ်တစ် အသင်းအတွက် အနိုင်ဂိုးသွင်းပေးခဲ့ သည်။

ဆဲလ်တစ်အသင်းသည် စကော့ တလန်ပရီမီးယားလိဂ်တွင် လေးပွဲ ကစားပြီး ရာနှုန်းပြည့် ၁၂မှတ်ရရှိထား သည်။အဘာဒန်အသင်းသည် ရှုံးပွဲ မရှိသော်လည်း ရှစ်မှတ်ဖြင့် ဒုတိယ လိုက်နေသည်။ရိန်းဂျားစ်အသင်းသည် ခုနစ်မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဆဲလ်တစ်အသင်းသည် ၂၀၀၃ ခုနှစ် မတ်လက ရိန်းဂျားစ်အသင်းနှင့် ဖလားလုရာတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



## လေ့ကျင့်

**နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန်အတွက် နေအောင် (ပြည်ထဲရေး) မီတာ ၁၀၀ တာထွက် လေ့ကျင့်စဉ်။**

**ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)**



စက်တင်ဘာ ၁၇ရက်က မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမရှေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို လားရှိုးခရိုင်တာဝန်ခံ ဦးမျိုးနိုင်အောင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

## တမူးမြို့ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား လုပ်ငန်းပြီးစီးရေး ကြီးကြပ်ဆောင်ရွက်

**တမူး စက်တင်ဘာ ၁၅**

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တမူးမြို့ ဈေးတန်း ရပ်ကွက်ပြည်သူများဇီဝကလမ်းနှင့် အောင်မင်္ဂလာလမ်းဆုံတွင် ၃၁ပေ X လေးပေကွန်ကရစ် တံတားအား ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဇူလိုင် ၁ရက်က စတင်ဆောင်ရွက်ကြသည်။

**ကြီးကြပ်**

အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့်လက်ထောက် အင်ဂျင်နီယာ ဦးသန်းလွင်တို့က ကြီးကြပ် ဆောင်ရွက်ကြသည်။

**(မြို့နယ်စည်ပင်)**

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ဇီးကုန်း(မ) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးဆိတ်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ဖွင့်လှစ်ခဲ့**

အလားတူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ရင်ဂါတ်ကုန်း၊ ငါးရာနဲ၊ သစ်တံမောက်၊ သရက်ကောင်း၊ ဖလံချိုင်၊ ချပ်ကြီး၊ ပင့်သာကြီး၊ ပိတောက်ပင်နှင့် အုတ်ခင်း ကျေးရွာများတွင် အသီးသီးဖွင့်လှစ်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်မြို့ ပုံးထွန်ရပ်ကွက်ရှိ တာချီလိတ်–မိုင်းဆတ်သွား ကားလမ်းကြောင်း မြေသားပြုပြင်ခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးလင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)



## ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော ကျေးရွာများသို့ ကွင်းဆင်းကုသမှုများဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်း ကျန်းမာရေး ဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာကျော်ရှိန် ဦးဆောင်၍ ကျွန်းလှမြို့နယ် အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီး တိုက်နယ်ဆေးရုံတွင် ဇူလိုင် ၂၅ရက်က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးလှမျိုးက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်ဆရာဝန်ကြီးက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ကာကွယ်နည်း၊ ကူးစက်ရောဂါ ဆရာဝန်ကြီးက ရောဂါပိုးများ ကူးစက်တတ်ပုံနှင့် တိုင်းဆရာဝန်ကြီးက ပြည်သူ့ကျန်းမာရေးအတွက် ဟောပြောကြသည်။

**ကုသမှု**

တိုင်းဆရာဝန်ကြီးနှင့်အဖွဲ့သည် သစ်ချိုကျေးရွာနှင့် မန်ကျီးကုန်း ကျေးရွာ များသို့သွားရောက်၍ ရွာသူရွာသားများ၏ ကျန်းမာရေးကွင်းဆင်း စစ်ဆေးကုသမှုများ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျေးလက် သတင်းနှင့် မြင်ကွင်း



စက်တင်ဘာ ၂၄ရက်က ပြည်မြို့နယ် အနောက်ရွာသစ်ကျေးရွာအုပ်စုတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်ဇော်ဝင်းနှင့်ဝန်ထမ်းများ နိုင်ငံသား စိစစ်ရေးကတ်ပြားကွင်းဆင်း ဆောင်ရွက်ပြီးနောက် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူးဦးခင်ရွှေက ရပ်ကွက်ဥက္ကဋ္ဌဦးအေးမောင်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။
(၄၀၃)

## ကော့သောင်းမြို့ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

ကော့သောင်း စက်တင်ဘာ ၂၂

**ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြုလုပ်သည့် ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်က အဆိုပါကျေးရွာစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် ကော့သောင်းမြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးမြင့်အေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုလုံးတုံတုံးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အား မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကေသီရှိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဆာဒက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်က စာအုပ်မျိုးစုံ အုပ် ၁၅၀အား ကျေးရွာဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

**ကျင်းပ**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပကြသည်။ **(၃၈၉)**



## ရေဝတီမြစ်အတွင်းသို့ငါးမျိုးများစိုက်ထည့်

**ပခုက္ကူ စက်တင်ဘာ ၁၈**

ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးမှုန်သားပေါက်ကောင်ရေ သိန်း ၆၀ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ပခုက္ကူမြို့ အမှတ် (၁)ရပ်ကွက် ဗုဒ္ဓကုန်း၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးမှူးဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များက ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်မျိုးများ စိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**
(၄၁၃)

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိသင့်သည်။

## မြန်မာ့အသံ

၂–၉–၂၀၀၄

**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (နည်းပညာသုံးလာသော ခေါင်းလိမ်းဆီထုတ်လုပ်မှု လုပ်ငန်းအကြောင်း)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အနိမ့်ဆုံးမှ ထိပ်ဆုံးသို့ (ချစ်စံဝင်း) (၂)သံတူကြောင်းကွဲစကားလုံးများနှင့် အသုံးအနှုန်းအဘိဓာန် (ပထမတွဲ)(ဆရာဦးသိန်းလွင်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့် နှစ်(၅၀)အကြောင်း ဒုတိယပိုင်း–မောင်ဆုရှင်)
၁၂:၃၀ အစာနှင့် အာဟာရ (သက်သတ်လွတ်ဟင်းလျာများ)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၈:၁၅ ဓာတ်လမ်းပမာနာဆင်စရာ (အစဉ်သာသင်ပါ)
၁၈:၄၀ နှောင်းတေးထံတျာ



စက်တင်ဘာ ၂၃ရက်က ဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် အဖွဲ့ဝန်ထမ်းများက ရေမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်မြတ်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

## ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက်ဖွင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကြိုးပမ်းမှုရှင်းလင်း

**နောင်တရား စက်တင်ဘာ ၁၀**

ပင်လောင်းမြို့နယ် နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ တီကျစ်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ပညာတံခွန် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက်က ကျင်းပရာ ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်ခန်းမအတွင်းသို့ လှည့်လည်ကြည့်ရှုကြပြီးနောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးမှူး ဦးခွန်လှမောင်ဌေးက စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းထားရှိမှုများ၊ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ ဧည့်သည်တော်များက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ နောင်တရားမြို့ အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက စာအုပ်မျိုးစုံ အုပ်၂၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက စာအုပ်မျိုးစုံ အုပ်၃၀လှူဒါန်းကြရာ တီကျစ်ကျေးရွာဥက္ကဋ္ဌဦးကိုလေးက လက်ခံရယူသည်။ **(၃၆၉)**



# ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

သံဖြူဇရပ် ဩဂုတ် ၂၉

**မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ဦးဆောင်သော စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက် ပြည်သူများ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဩဂုတ် ၂၈ရက်က မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ရေမြောင်းများ၊ ကျောင်း၊ ဆေးရုံပတ်ဝန်းကျင်၊ ဈေးအတွင်းအပြင်နှင့် ကားလမ်းဘေးဝဲယာရှိ ရေမြောင်းများမှ အမှိုက်သရိုက်များ မြက်များ ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။**

## မုဒုံမြို့နယ်

အလားတူ မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့ဦးစီးသော စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက် ပြည်သူများ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဩဂုတ် ၂၈ရက်က မုဒုံမြို့ပေါ် ကျောင်း၊ ဆေးရုံပတ်ဝန်းကျင် လမ်းဘေးဝဲယာရှိ ရေမြောင်းများမှ အမှိုက်သရိုက်များ၊ မြက်ပင်များ၊ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

## ကြည့်ရှုအားပေး

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(၁၆၈)**



ဩဂုတ်၂၈ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မလှိုင်မြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း(ကျောက်ချောလမ်း)ခင်းမှုလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်း



ဩဂုတ်၁၂ရက်တွင် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ် အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သုံးဆယ်မြို့အဝင် ဆိုင်းဘုတ်အနီးဝန်းကျင်နှင့်ရန်ကုန်-ပြည်လမ်းဘေး ဝဲယာတစ်လျှောက် ချုံနွယ် ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပုံဖော်ခြင်း၊ ပန်းစိုက်ခုံများ ဆေးသုတ်ခြင်းနှင့် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**စဥ့်ကူး ဩဂုတ် ၂၀**

စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစောထွဋ်နောင်နှင့် ရှောက်ပင်ရိုး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးလှဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဦးစောထွဋ်နောင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(က-ပ)**

## သုခမိန် ကျေးလက်စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြား

**သာစည် ဩဂုတ် ၁၃**

သာစည်မြို့နယ်ကိုယ့်အားကိုယ်ကိုး သုခမိန်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀နာရီက ကြက်မောက်စံပြကျေးရွာတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းတင့်နှင့်ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းတင့်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် သုခမိန်ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဦးဝင်းတင့်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## မုံရွာမြို့နယ်ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့် စာပေအလှူရှင်များ အလှူငွေနှင့်စာအုပ်များလှူဒါန်း

**မုံရွာ ဩဂုတ် ၁၀**

မုံရွာမြို့နယ် လယ်ဇင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ရက်က ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မုံရွာခရိုင် ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးကြည်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးတင်သန်းဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး စာပေဒါနအလှူရှင် ၂၅ဦးတို့က အလှူငွေများနှင့် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများ လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်**



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။




## ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးမျိုးနှင့် ပုဂံမြို့ သီရိပစ္စယာရပ်ကွက် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ငါးမြှုံသားပေါက်ကောင်ရေ ၆၅သိန်းနှင့် ငါးသန်သားပေါက်ကောင်ရေ တစ်သိန်းတို့ကို ဩဂုတ်၁၅ရက်က လောကနန္ဒာဘုရားအနီး ရောဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ကြစဉ်။ (၁၀၀)**

## ရွှေသိမ်တော်စာကြည့်တိုက်ဖွင့်

**ဝက်လက် ဩဂုတ် ၁၇**

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဩဂုတ်၆ရက်က ခေါတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ရွှေသိမ်တော် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

ရေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းက စာအုပ်၊ စာစောင်၅၀အား စာကြည့်တိုက်မှူးဒေါ်ခင်ထွေးသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၄ရက်က မကွေးမြို့နယ် ကုန်းကြီးကျေးရွာ ကျေးလက်စက်ရေတွင်း တပ်ဆင်အသုံးပြုသောစက်ပြုပြင်ရန် မကွေးမြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



## ဝမ်းမြောက်ဝမ်းသာစွာ ချီးကျူးဂုဏ်ပြုခြင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးတွင် သဒ္ဓါ၊ စေတနာ၊ မေတ္တာတို့ကို အရင်းခံ၍ ကုသိုလ်ဖြစ် လုပ်အားဒါနပြုနေသော စေတနာဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးနော်မန်လှ M.B.,B.S, F.R.C.S (LOND), F.R.C.S (EDIN), F.I.C.S, သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ဦးဆောင်၍ ၂၅-၈-၂၀၀၄ ရက်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည့်အတွက် **ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးနော်မန်လှ**အား ဓိဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ဝမ်းမြောက်ဝမ်းသာလှိုက်လှဲစွာဖြင့် ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**
**ဓိဝိတဒါနသံဃာ့ဆေးရုံကြီး။**











## ကန့်ကွက်ရန်ကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ခရေရိပ်သာ၊ မြေတိုင်းရပ်ကွက် အမှတ်(၈) မြေကွက်အမှတ် (၇)၊ ဦးထင်ကျော် နိုင်ငံသားအမှတ် ၃/ဘအန(နိုင်)၀၁၀၂၀၀ အမည်ပေါက် ဂရန်ပျောက်ဆုံးသွားပါ၍ ဤဦးစီးဌာနသို့ ဂရန်မိတ္တူ လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

## ကန့်ကွက်ရန်ကြော်ငြာ

မင်္ဂလာဒုံမြို့နယ် ခရေရိပ်သာ၊ မြေတိုင်းရပ်ကွက် အမှတ်(၈) မြေကွက်အမှတ် (၈)၊ ဒေါ်မြခက် နိုင်ငံသားအမှတ် ၃/ဘအန(နိုင်)၀၁၀၂၉၅ အမည်ပေါက် ဂရန်ပျောက်ဆုံးသွားပါ၍ ဤဦးစီးဌာနသို့ ဂရန်မိတ္တူ လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

### ဖခင် အမည်မှန်

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂) တတိယတန်း(A)တွင် ပညာသင်ကြားနေသော မသဲဖူးဝါ၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်းဖြစ်ပါကြောင်း။ **ဖခင်-ဦးစိုးသိန်း**
**မိခင်-ဒေါ်စန်းစန်းဌေး။**

## မော်လမြိုင်တက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန် ကြေညာချက်

မော်လမြိုင်တက္ကသိုလ်မှ အောက်ဖော်ပြပါ ပညာသင်နှစ် အသီးသီးအတွက် (ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးသူများသည် မော်လမြိုင်တက္ကသိုလ်၏(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တက်ရောက်ရန် သို့မဟုတ် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၁၉၉၇ အောင်) စာမေးပွဲအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)
(ခ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၁၉၉၈ အောင်) စာမေးပွဲအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)
(ဂ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဥပဒေ(ဘွဲ့) (၁၉၉၆ အောင်) (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)နှင့် ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) (၁၉၉၆ အောင်) စာမေးပွဲအောင်မြင်ပြီးသူများ။
(ဃ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)(ဘွဲ့) စနစ်ဟောင်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ။
(င) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မေလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၁၉၉၉ အောင်) စာမေးပွဲ အောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)
(စ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဘွဲ့)၊ ဒီပလိုမာ(ဘွဲ့) (နောက်ဆက်တွဲစာမေးပွဲအပါအဝင်) အောင်မြင်ပြီးသူများနှင့် မဟာသုတေသန M.Res (ဘွဲ့)အောင်မြင်ပြီးသူများ။

**ဘွဲ့နှင်းသဘင်တက်ရောက်ကြေး** -ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
**ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး** -ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာပိတ်ရက်** -၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်

မှတ်ချက်။ ။(၁) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော ၂ လက်မ x တစ်လက်မခွဲ အရွယ် (အဖြူအမည်းဓာတ်ပုံ) နှစ်ပုံပူးတွဲ၍ လျှောက်ထားရမည်။
(၂) အခြားသောပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှောက်ထားနိုင်သည်။
(၃) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မော်လမြိုင်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ Postal Money Order ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်/တက္ကသိုလ်/ဒီဂရီကောလိပ်စသည်များကို တိကျစွာဖော်ပြရမည်။
(၅) အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်စုံစမ်းနိုင်ပါသည်။
(၆) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။

**သန်းဦး**
**မော်ကွန်းထိန်းအဆင့်(၁)**
**မော်လမြိုင်တက္ကသိုလ်။**

**အမည်ပြောင်း** ဦးကျင်ဦးလွင်-ဒေါ်အေးအေးနိုင်တို့၏သား အမက(၁၂) မူလတန်းလွန်ကျောင်း မင်္ဂလာဒုံ ပဥ္စမတန်းမှ မောင်နိုင်အောင်စိုး(ခ) မောင်ထိုက်ထိုက် အား မောင်ဟိန်းစည်အောင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းစည်အောင်။**

## နိကာယ်ငါးရပ်စာလျှောက်မေးပွဲ

အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေ (D.Litt)(Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ ဦးစီးစီမံဆောင်ရွက်တော်မူလျက်ရှိသော နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး၏ အကြိမ်(၃၀)မြောက် နိကာယ်ငါးရပ် စာလျှောက်မေးပွဲများကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (အမျိုးသားနေ့) ၆-၁၂-၂၀၀၄မှစ၍ ၆ရက်တိုင်တိုင် အောက်ပါနေရာတွင် ကျင်းပပါမည်။ ဖြေဆိုကြမည့်ပုဂ္ဂိုလ်များ အသင်းတိုက်တွင် ဝင်ခွင့်ပုံစံများ တောင်းယူ၍ ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့် (၂၈-၁၀-၂၀၀၄) နေ့ကို နောက်ဆုံးထားပြီး အောက်ဖော်ပြပါ လိပ်စာသို့ ပေးပို့ကြရန် လျှောက်ထားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပဥ္စနိကာယ သာသနာ့ဗိမာန်တော်**
**ကန်ဘဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)**
**မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့**

## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မြစ်ကြီးနားတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာ(ဝိဇ္ဇာ/သိပ္ပံ)ဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ (စနစ်ဟောင်း)၊ ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ (၁၉၉၆) (စနစ်သစ်)၊ ဥပဒေဘွဲ့(၁၉၉၆)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၈)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၉)နှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၁၉၉၇) စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနမှ ဝယ်ယူဖြည့်စွက်ပြီး ၁-၉-၂၀၀၄ရက်မှ ၃၀-၉-၂၀၀၄ ရက်အထိ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် တစ်လက်မ x တစ်လက်မခွဲဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားတင်သွင်းနိုင်ကြပါသည်။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ကျပ်၁၅၀၀ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူသူများအတွက် ကျပ် ၁၀၀၀ ဖြစ်ပါသည်။

ဘွဲ့နှင်းသဘင်ကြေးငွေများကို မြစ်ကြီးနားတက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာဖြင့်ဖြစ်စေ ပေးသွင်းနိုင်ပါသည်။

စာတိုက်မှ ပေးပို့သည့်အခါ ငွေပို့လွှာတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာနှင့် နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၂၀၀၂-၂၀၀၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**ဗိုလ်တင်**
**ဌာနမှူး၊ သင်တန်းရေးရာ**
**မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့။**



ဩဂုတ် ၁၈ရက်က ဓနုဖြူမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးအောင်ကျော်ဦးတို့ ဓနုဖြူမြို့နယ် ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင် သိန်း၃၀ကျော် စုဆောင်းနိုင်ရေးဆောင်ရွက်ခြင်းနှင့် ဆေးရုံအဆောက်အအုံများ အမိုးနှင့်နံရံများပြုပြင်ရေး၊ ဆေးသုတ်နိုင်ရေးတို့ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများဆောင်ရွက်သော ဆေးရုံအမိုးနှင့် နံရံပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၀၈၅)



ဩဂုတ် ၁၃ရက်က ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြတည်ဆောက်ရေးဌာနစိတ် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင် ကမ်းနားလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ပြည်ခရိုင်ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးဗိုလ်လုပွဲဆုချီးမြှင့်

ပြည် ဩဂုတ် ၂၉

**ပြည်ခရိုင် ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၂၇ရက်က မင်္ဂလာရွှေပြည် အားကစားကွင်း၌ ကျင်းပသည်။**

ဘောလုံးဗိုလ်လုပွဲတွင် ပြည်မြို့နယ်အသင်းနှင့် ပန်းတောင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီးနောက် အနိုင်ရအသင်းကို ဆုများဆက်လက် ချီးမြှင့်ရာ ပထမဆုရပြည်မြို့နယ်အသင်းအား ဆုဖလားနှင့် တစ်ဦးချင်းငွေသားစုများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)**

ဒုတိယဆုရရှိသော ပန်းတောင်းမြို့နယ်အသင်း အပါအဝင် ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုများကိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူအသီးသီးကဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## အမြို့မြို့ အနယ်နယ် သတင်းများ

### ရှင်းလင်း

**မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့လယ်လမ်းကပ်တုံး ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)



## ပဲခူးခရိုင် ထွေ/အုပ် စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

**ပဲခူး ဩဂုတ် ၂၅**

ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းအမှတ်စဉ်(၁၂/၂၀၀၄)ကို ပဲခူးမြို့ သာသနာ့ဗိမာန်တွင် ဩဂုတ် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းအုပ်ချုပ်ရေးမှူး ဦးချစ်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပထမ၊ ဒုတိယ၊တတိယဆုရရှိသူသင်တန်းသားများအား ဆုများ ချီးမြှင့်ကြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသာထွန်းဦးက သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၆၉ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## ဦးအေးကျော် (စစ်တွေ)
### တပ်မတော်-ရေ(ငြိမ်း)
### မြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း) ကိုကိုးကျွန်းမြို့နယ်
### အသက်(၇၀)

စစ်တွေမြို့၊ လမ်းသစ်ရပ်နေ (ဦးမောင်မောင်လှ-ဒေါ်စံသာ)တို့၏သား၊ ဖြူးမြို့နေ (ဦးတင်မြင့်-ဒေါ်သန်းနု)တို့၏သားသမက်၊ (ဦးလှမောင်ကြီး)-ဒေါ်မြင့်မြင့်၊ စစ်တွေမြို့၊ လမ်းသစ်ရပ်နေ ဒေါ်အေးကျော့-ဦးမောင်သာဒိုး၊ ရန်ကုန်မြို့နေ ဒေါ်မြသွေး-ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)တို့၏ညီ/အစ်ကို၊ မင်္ဂလာဒုံမြို့၊ ပလရရပ်ကွက်၊ အိမ်ခြေ ၂၀/၃ လမ်းနေ ဒေါ်ခင်အေး၏ခင်ပွန်း၊ မယဉ်ယဉ်နု-ကိုငြိမ်းမြင့်၊ မသီတာဝင်း(ကုန်းလမ်းပို့ဆောင်ရေး၊အဝေးပြေးဌာနခွဲ၊ ထောက်ကြန့်)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မင်္ဂလာဒုံနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးခင်ဇော်
### လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)လူမှုဖူလုံရေး
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄/၁၆၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစောထွန်းတိတ်-ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်ခင်သန်းနွယ်(လ/ထညွှန်မှူး၊ ငြိမ်း၊ ပညာရေးစီမံ/လေ့ကျင့်)၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်ခင်မိုးမိုးဇော်၊ ဦးခင်မောင်စိုး-ဒေါ်စိုးစိုးဇော်၊ ကိုချမ်းအေးဇော်၊ ကိုဥက္ကာဇော်တို့၏ဖခင်၊ မောင်ဝေယံရဲရင့်၊ မောင်မိုးသန့်ဇင်၊ မောင်သူရိန်ထက်၊ မစန္ဒကူးဇင်တို့၏အဘိုးသည် ၃၀-၈-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅း၅၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

၂၉-၆-၂၀၀၄ရက်က ကွယ်လွန်သွားခဲ့သော သားကြီး ဦးအောင်အောင်ခိုင် (ဒုဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပုစွန်ဌာနခွဲ)အားရည်စူး၍ ၂-၉-၂၀၀၄ရက်တွင် သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုအစုစုဖြင့် လောင်းလှူကာ ကောင်းမှုကုသိုလ်ပြုပေးပါသည်။ အထက်ပါကောင်းမှုကုသိုလ်များကြောင့် မြင့်မြတ်သောဘုံဘဝမှ သားကြီး သာဓု ခေါ်ယူနိုင်ပါစေ-

သားကြီးရေ-အမျှ အမျှ အမျှ ခေါ်ဆိုနိုင်ပါစေသော်-

**ဖေဖေ-မေမေနှင့် ညီအစ်ကိုမောင်နှမများ(သုခရိပ်ငြိမ်-ငပလီ၊သံတွဲ)။**

### ရဟန်းဒါယကာ
## ဦးမောင်စံ
### (တွံတေး-သဃ်္ဃန်းကျွန်း)
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ ခြံအမှတ် ၃/ခ၊ ဦးဘဟန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ တွံတေးမြို့နေ ဦးအုန်း-(ဒေါ်အုန်းမြင့်)၏ညီ၊ ဒေါ်ငြိမ်း-ဦးမောင်ညွန့်၊ (ဒေါ်ညိုညို)၊ ဒေါ်တင်ရွှေ၊ ဦးအောင်ခ-ဒေါ်သင်းသင်း (တွံတေးမြို့နယ်အသင်းဥက္ကဋ္ဌ)တို့၏ အစ်ကို၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးလှမြင့်အောင်-ဒေါ်အမာကြည်တို့၏ညီ၊ မနီနီအောင်၊ မောင်ဇော်မင်းထွဋ်-မခင်သန့်ဇင်၊ မောင်တေဇာမင်းတို့၏ဖခင်၊ တူ တူမ ၂၁ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်သန်းကြည် (ဒေးဒရဲမြို့)
### အသက်(၈၄)နှစ်

ဒေးဒရဲမြို့နေ သုခဗလဆန်စက်ပိုင်ရှင် (ဦးအောင်မြတ်-ဒေါ်ခေခင်)တို့၏ သမီး၊ ဝါးခယ်မမြို့နေ (အမိန့်တော်ရရှေ့နေ ဦးဘိုးအောင်-ဒေါ်ဒေါ်ပု)တို့၏ သမီးချွေးမ၊ရန်ကုန်မြို့၊အမှတ် ၁၁/၁၃၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးခင်မောင်ချို-ယခင်အာကာထွန်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ)၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်ချို၊ ဦးအေးသန်း-ဒေါ်ခင်သန်းချို၊ ဦးမျိုးမြင့်-ဒေါ်ခင်ဇေချို၊ ဦးစိုးဝင်း-ဒေါ်ခင်ပြုံးချို၊ ဦးကျော်ကျော်ချို-ဒေါ်စန်းစန်း၊ ဒေါ်မေနီချိုတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁-၈-၂၀၀၄ရက် နံနက် ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်( ကမ – ၃ )မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈က/၁၄၆၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ရန်ကုန်တိုင်း)။**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ခင်ဌေးကြည် ၁၄/ ပသန(နိုင်)၁၄၉၄၈၆ နှင့် ဦးအောင်ကို YKM°- 002337 တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၃-၈-၂၀၀၄ရက်တွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

**ဒေါ်ခင်ဌေးကြည်**။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊အမရဌာနီအနောက်ရပ်ကွက်၊အကွက်အမှတ်(၅၁) ဦးပိုင်အမှတ်(၄၃+၄၄)ဂရန်မြေကွက်အား ဦးထွန်းဦး မှတ်ပုံတင်အမှတ် ၁/မညန(နိုင်)၀၂၃၇၄၄ က အမှုတွဲအမှတ် ၀၃၈၄/၂၀၀၄-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း ဂရန်မိတ္တူပျောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်စောမြင့်
### အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၅၁ နေ (ဦးသာမိုး-ဒေါ်မြနှစ်)တို့၏သမီး၊ (ဒေါ်သန်းမေ) (ဦးကျော်မြိုင်)၊ (ဦးဘခင်)တို့၏ညီမ၊ ဒေါ်ခင်မေ၊ (ဦးအောင်သန်း)၊ ဒေါ်ခင်ကြွေ၊ ဦးမြင့်သိန်းတို့၏အဒေါ်၊ (မခင်ခင်ဌေး)၊ မောင်တင်ကိုကို၊ မမြင့်သူဇာတို့၏အဘွား၊ (ဦးဘလှိုင်)၏ဇနီးသည် ၃၀-၈-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်လှ (ပုတီးကုန်း)
### (ထူးတင့်စတိုး၊ရွှေတိဂုံဘုရားအရှေ့မုခ်)
### အသက်(၈၀)

ပုတီးကုန်းမြို့၊ ကန်နှစ်ဆင့်ရွာနေ (ဦးတုတ်ဖြူ - ဒေါ်မယ်ကြည်)တို့၏ သမီး၊ (ဦးကြာကြီး-ဒေါ်ကောက်-ဒေါ်ငယ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ခြံအမှတ် ၂၃ နေ ဦးမှူ၏ဇနီး၊ လားရှိုးမြို့နေ ဦးအောင်မြင့်၊ ဦးမြတ်လှမြင့်(စန္ဒာရတနာရွှေဆိုင်)တို့၏အစ်မ၊ ကိုအေးသိန်း-မသန်းအေး၊ ကိုရွှေဖိုး-မခင်ဌေးမူ၊ ကိုဝင်းကို-မချိုချိုမြင့်တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၃၀-၈-၂၀၀၄ရက်(တနင်္လာနေ့)ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသောင်းရွှေ
### အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကွမ်းခြံကုန်းရွာနေ (ဦးမြ-ဒေါ်လှသင်း)တို့၏ သားကြီး၊ (ဒေါ်မြရှင်)၏ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်မိမိစိုးတို့၏ဖခင်၊ မောင်အောင်ဆန်းမြင့်၊ မနှင်းပွင့်အောင်၊ မောင်ငြိမ်းချမ်းကျော်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၀၄ရက်(တနင်္လာနေ့)နံနက်ပိုင်းတွင် အမှတ် ၄၉၁၊ ထူပါရုံ ၂၃ လမ်း (အနောက်)၊၂(က)ရပ်ကွက်၊သာကေတမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

### တပ်ကြပ်ကြီး
## စိုးတင့် (သထုံ)
### အသက်(၄၆)နှစ်

သထုံမြို့၊လိပ်အင်းရပ်ကွက်၊ရွာဦးတာလမ်း၊ အမှတ် ၁၀၅၈ နေ(ဦးမောင်လှ)-ဒေါ်လှခင်တို့၏သားကြီး၊ ဦးမောင်မောင်တင်-ဒေါ်မြ၊ ဦးဘိုဝင်း-ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဒေါ်မငို၏ခင်ပွန်း၊ မစိုးသဇင်ဝေ၏ဖခင်သည် ၂၇-၈-၂၀၀၄ ရက် (သောကြာနေ့)ည ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၀၄ ရက်တွင် သထုံမြို့ ကျောက်တန်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## မောင်ဝင်းညွန့်(ခ)ဖိုးဇော်
### အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၇၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးသိန်းမောင်-ဒေါ်ကျင်ရွှေ)၊ဦးဘိုးမို (ဒေါ်အုန်း)တို့၏မြေး၊ ဦးလှထွန်း-ဒေါ်လီလီသိန်းတို့၏သား၊ မောင်သိန်းအေး-မဝင်းမင်းမင်းသန်းတို့၏ညီ၊ (ဦးတင်အောင်)-ဒေါ်သန်းသန်း၊ ဦးကျော်ညွန့်-ဒေါ်ခင်မျိုးသန့်၊ ဒေါ်မြစိန်၊ ဦးပွား၊ ဦးအောင်ထွန်း၊ ဦးရင်နု၊ ဦးအောင်သိန်း-ဒေါ်သိန်းမြင့်တို့၏တူသည် ၃၁-၈-၂၀၀၄ရက် နံနက် ၆း၄၅ နာရီတွင် မြောက်ဥက္ကလာပဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## အင်ဟင်းချုံး(ခ)ဦးဟင်းချုံး
### (သုံးခွမြို့)
### အသက်(၉၀)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ ဇောတိကလမ်း၊ အိမ်အမှတ် ၁၇ နေ ဒေါ်ဟက်ကွမ်၏ခင်ပွန်း၊ဒေါ်ပု-ဦးတိုက်ရန်၊ဒေါ်နု-(ဦးခင်မောင်ရီ)၊ဒေါ်စု-ဦးရဲမြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်သန်း-ဦးရှိန်မြင့်၊ ဦးသန်းစိုး-ဒေါ်စန်းစန်းဝင်း၊ ဦးဟံတင်-ဒေါ်မေရင်၊ ဒေါ်သန်းသန်းထွေး-ဦးမြင့်ဝင်း၊ မချိုချိုဝင်း၊ ကိုဝင်းမြင့်သိန်းတို့၏ဖခင်၊ မြေး ၂၄ ယောက်၊မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ကရင်စုသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

### ရဟန်းအမ
## ဆရာကြီး ဒေါ်သီရိမာလာ
## (ဒေါ်သန်းတင်)
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့မြို့၊ ရွှေကျီးသာဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိနယာစာရ၏ရဟန်းအမကြီး ဒေါ်သီရိမာလာ(ဒေါ်သန်းတင်)သည် ၃၀-၈-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရွှေကျီးသာကျောင်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

### သိမ်၊ကျောင်း၊ပိဋကသုံးပုံဒါယိကာမကြီး
## ဒေါ်သန်းညွန့်
### (ကညွတ်ကွင်း၊ ကန်တော်ကလေး)
### အသက်(၇၆)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရွှေညောင်မြို့နေ (ဦးစိန်ဖိုး-ဒေါ်ဖွား)တို့၏သမီး၊ ပဲခူးတိုင်း၊ ကညွတ်ကွင်းမြို့နေ (ဦးစံဖေ-ဒေါ်ကျော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကန်တော်ကလေးအရှေ့ပိုင်း၊အမှတ် ၉၁၊ ၉၄လမ်းနေ ဦးစိန်လွင်(မြန်မာ့မီးရထား၊ လ/ထတိုင်းပို့ဆောင်ရေးမန်နေဂျာ၊ငြိမ်း)၏ဇနီး၊ ဒေါက်တာထွန်းအောင်ကျော်-ဒေါ်နုနုအောင်၊ဦးမောင်မောင်[ဒုလ/ထညွှန်မှူး၊ စက်မှု(၁)စက္ကူစာတု၊ ငြိမ်း]-ဒေါ်မာမာ၊ ရွှေညောင်မြို့နေ ဦးကိုကို-ဒေါ်သန်းနွဲ့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးအေးမောင် - ဒေါ်စန်းစန်းဝေတို့၏ အစ်မကြီး၊ ဒေါ်ဝင်းဝင်းနွဲ့၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသွဲ့၊ ဦးသန်းဌေး(ရေအရင်းအမြစ်၊ ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်(ရေအရင်းအမြစ်၊ငြိမ်း)၊ ဦးအောင်အောင်-ဒေါ်အေးအေးလွင် (အမက-၁၄၊ တောင်ညွန့်)၊ ဦးအေးဝင်း-ဒေါ်မာလာလွင်(ကျောက်တံခါးမြို့)၊ ဦးတင့်ဇော်-ဒေါ်သီတာလွင်တို့၏မိခင်ကြီး၊ မဖြိုးဝေဦး [AGTI (Civil)၊စီးပွားစီမံနောက်ဆုံးနှစ်၊အရှေ့ပိုင်းတက္ကသိုလ်]၊ မပိုးဝေဦး [B.Sc (Zoo) နောက်ဆုံးနှစ်၊ အရှေ့ပိုင်းတက္ကသိုလ်]၊ မမိုးဝေဦး၊ မောင်သက်နောင်စိုး(IX-C ၊ အထက-၂၊ တာမွေ)၊ မမေသက်ခိုင် (VII-G ၊ အထက-၁၊ ဒဂုံ)၊မောင်ဟိန်းထက်ဇော်(အမက-၃၊ တောင်ညွန့်)၊ မစုဒါလီခိုင်(အမက-၃၊ တောင်ညွန့်)၊ မမြဒါလီမောင်(အမက-၃၊ တောင်ညွန့်)၊ မသန့်ဖြူဖွေး(အထက၊ ကျောက်တံခါး)၊ မပန်းနုထွေး(အထက၊ ကျောက်တံခါး)၊မောင်ကျော်ကောင်းဆက်တို့၏ဘွားဘွားကြီးသည် ၃၁-၈-၂၀၀၄ ရက်တွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်ပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်စိမ်းမာလေး
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော် (C-Group)၊တိုက် ၃၁၊ အခန်း ၃၀၁၊ ၁၅ လမ်းနေ ဦးစောမြင့်သိန်း-(ဒေါ်အေးစိန်မြ)တို့၏သမီးထွေး၊ ဦးသန်းထွဋ်ဦး၊ ဒေါ်ဇင်မာအေး(အထက-၂၊ဒဂုံ)-ဦးစောကျော်စိုး(Bay Point Marine)၊ဦးဝင်းထွဋ်သိန်း-ဒေါ်ပပ၊ ဦးဉာဏ်ထွန်းနိုင်တို့၏ညီမ၊ (ဦးစောသက်ညီညီ)၏ဇနီးသည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးဝိသုဒ္ဓ(ခ)ဦးကံတင်
### (ဆရာလေး)
### မိုးကုတ်မြို့
### သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၁၁)ဝါ

(ဦးသာဖြိုး-ဒေါ်နှင်းရီ)၏သား၊ အမှတ် ၈၃၃၊ သုမိတ္တာ ၂၁ လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြိုင်၏ခင်ပွန်း၊ ဦးခင်မောင်မြင့် (ကျောက်သွေးလုပ်ငန်း)-(ဒေါ်ခင်လေးကြည်)၊ ဦးခင်မောင်ဝင်း-ဒေါ်ထားထားဝင်း၊ ဦးအေးမြင့် (ဆောက်လုပ်ရေးရုံးချုပ်) - ဒေါ်ကြည်ဌေး(ခ)ဒေါ်ဌေးဌေး၊ ဒေါ်ကြည်အေး(ခ)ဒေါ်သီသီ၊ ဦးခင်ဝင်း-ဒေါ်ကြည်ထွေး(ခ)ဒေါ်စီစီ၊ ဦးခင်မောင်အေး-ဒေါ်ခင်မေညွန့်၊ ဦးခင်မောင်ဌေး-ဒေါ်သီသီမွှေး၊ ဦးခင်မောင်သန်း-ဒေါ်သင်းသင်း၊ ဦးခင်မောင်ထွေး(ခ)ကိုထူးထူး - (ဒေါ်ချိုချိုမာ)တို့၏ဖခင်၊ မြေး ၂၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည်၂၉-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ၂-၉-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း (ပြည်)
### မန်နေဂျာ
### မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
### ကမ္ဘောဇဘဏ်
### လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)
### စာရင်းဌာန
### အသက်(၇၃)နှစ်

ပြည်မြို့နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးကျော်ဟိန်း(ဒုညွှန်ကြားရေးမှူး၊သစ်တောရုံးချုပ်)-ဒေါ်မြင့်မြင့်ဝင်း၊(ဦးမောင်မောင်ဝင်း)-ဒေါ်ကျင်သိန်း၊ ဦးဇော်လင်း-ဒေါ်သိန်းသိန်းဝင်း၊ ဦးမြင့်လွင်-ဒေါ်နီနီဝင်း(ဖူးပွင့်အောင်ပွဲရုံ)၊ ဦးတင့်လွင်-ဒေါ်ညိုညိုဝင်း၊ ဦးထွန်းနိုင်ဝင်း၊ ဦးသက်နိုင်ဝင်းတို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၀-၈-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ခြံအမှတ် ၂၊ ကံ့ကော်လမ်း၊ သီရိမွန်လုံးချင်းအိမ်ရာမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်မြသိန်း (သုံးဆယ်)
### အသက်(၆၅)နှစ်

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၇ လမ်း(တောင်ပိုင်း)၊ အိမ်အမှတ် ၅၈၁ နေ (ဦးသုငယ်-ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးခင်-ဒေါ်ထားရှင်)တို့၏သမီးချွေးမ၊ (ဦးမြင့်လွင်)၏ဇနီး၊ ဦးမြင့်ဆန်း-ဒေါ်မြသင်းသင်း၊ (မခင်မာလွင်)၊ ဦးခင်မောင်လတ် (ဒုစက်ရုံမှူး)၊ ကိုအောင်ကျော်စိုးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃၀-၈-၂၀၀၄ရက် ညနေ ၆း၃၀ နာရီတွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်အုန်း (မအူပင်)
### (နိုင် ငါးပိငါးခြောက်လုပ်ငန်း)
### အသက်(၄၇)နှစ်

(ဦးသန်းကြီး-ဒေါ်စိန်အေး)တို့၏သမီး၊ ဦးသန်းမြင့်-(ဒေါ်မြစန်း)၊ ဦးခင်ညို-ဒေါ်ခင်စန်း၊ ဦးချို-မခိုင်တို့၏ညီမ၊ ဦးခင်လတ်၏ဇနီး၊ ဦးသိန်းနိုင်ဦး-ဒေါ်သဇင်ဦး၊မလှဲလှဲထွေး၊မထွေးထွေးလတ်၊ မောင်တင်မောင်လတ်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၁-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သန်လျင်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဝိဇယ (ငါးသိုင်းချောင်း)
### သာသနဓဇသိရီပဝရ ဓမ္မာစရိယ
### ရွှေကျင်နိကာယ ရတ္တညူမဟာနာယက
### ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၊ ဗဟန်းမြို့နယ်
### သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက် ပဓာနနာယက ပုဗ္ဗာရုံကျောင်းဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (၃၁-၈-၂၀၀၄ရက်) အင်္ဂါနေ့ ညနေ ၅း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။ (ဈာပနနေ့ရက် အစီအစဉ်ကို ထပ်မံကြေညာပါမည်။)

နာယကဆရာတော်များ၊ကျောင်းတော်ရာ၊ရွှေကျင်တိုက်
ကြားတောရရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်း။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဝါယမ (ထားဝယ်)
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ကံကော်ကျောင်း(တိုက်အုပ်ဆရာတော်) အထက်မြန်မာပြည်ထားဝယ်ရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (၃၁-၈-၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမများအားအကြောင်းကြားအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ကံမမြို့ ယွန်းကျောင်းစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက
## အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာဘိဝံသ
### နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
### သက်တော်(၈၀)၊ သိက္ခာတော်(၆၁)ဝါ

မကွေးတိုင်း၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ယွန်းကျောင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဣန္ဒာဘိဝံသသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက် (၂၃-၇-၂၀၀၄ ရက်) သောကြာနေ့ မွန်းလွဲ ၂း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်(၁၀-၉-၂၀၀၄ရက်)သောကြာနေ့တွင် စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သုဇန
### သာသနဓဇ ဓမ္မာစရိယ
### သက်တော်(၄၀)၊ သိက္ခာတော်(၂၀)

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြစည်းခုံစာသင်တိုက်ကြီး၏(စာချ)နာယက ဆရာတော် ဘဒ္ဒန္တသုဇန(သာသနဓဇ ဓမ္မာစရိယ)သည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (၃၁-၈-၂၀၀၄)ရက် အင်္ဂါနေ့ နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်(၂-၉-၂၀၀၄ရက်)ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် အနောက်သုသာန်သို့ ပင့်ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

### သုံးဆယ်မြို့အသင်း(ရန်ကုန်)
## ဒေါ်မြသိန်း
### အသက်(၆၅)နှစ်

အရှေ့ကြို့ကုန်းတောင်ပိုင်း၊ ၇ လမ်း၊ အမှတ် ၅၈၁ နေ ဒေါ်မြသိန်းသည် ၃၀-၈-၂၀၀၄ရက် ညနေ ၆ နာရီတွင် အင်းစိန်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

### ဘုရား၊ရဟန်း၊သိမ်၊ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်ခင်သိန်းဝင်း(ခ)ဒေါ်ပု
### အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်(၃)လမ်း၊ အမှတ် ၂၁၈နေ (ဦးစံလှ-ဒေါ်ကြွေ)တို့၏သမီး၊ (ဦးဖဲ-ဒေါ်အုန်းမြ)တို့၏သမီးချွေးမ၊ ဦးအေးသောင်း၏ဇနီး၊ ဦးထွန်းကြည်-ဒေါ်ကြည်မြင့်၊ ဦးအုန်းသင်-ဒေါ်ကြည်သန်းတို့၏ညီမ၊ ဦးတင်ဝင်း-ဒေါ်ခင်မြ၊ ဦးတင်သိန်း၊ ဒေါ်ခင်ဝင်းတို့၏အစ်မ၊ ကိုဝင်းကို-မကြည်ကြည်ဝင်း၊ကိုအောင်မြင့်ထွန်း-မသိန်းသိန်းကြည်၊ မဝါဝါကြွယ်တို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မစုမြတ်ဝေတို့၏အဘွားသည် ၂၈-၈-၂၀၀၄ရက်(စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာရိစ်သာဂွယ်(ခ)
## ဒေါက်တာဒေါ်နှင်းဆီ
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ် ၁၈(င)၊ ဦးဘဟန်လမ်းသွယ်၊ ချော်တွင်းကုန်းနေ (ဦးသာရွှယ်-ဒေါ်လှိုင်)တို့၏ သမီးထွေး၊ (ဦးကင်ကြို့-ဒေါ်သိန်းလှ)တို့၏ချွေးမ၊ဒုတိယဗိုလ်မှူးကြီးဘိန်ချိုင်း(ငြိမ်း) (ခ) Dr.သိန်းထိုက်၏ဇနီး၊ ဒေါ်လှဲလှဲဝင်း(G.M, The Grand Mee YaHta Executive Residences; S.P.A) - ဦးစိုးဝင်း၊ ဦးမောင်မောင် (Frontier Drilling-Asia,Pte Ltd.)-ဒေါ်သက်ဇော်တို့၏မိခင်၊ မောင်ဝင်းမိုးထိုက် (Bintai Kindenko Myanmar)၊ မသက်ထူးဇော်တို့၏ အဘွားသည် ၃၁-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ယုဒသန်နှစ်ခြင်းအသင်းတော်(Judson Church)တွင် ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ပြည်လမ်း (Judson Church)၌ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်မည်ဖြစ်ပြီး ၆-၉-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးအား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဩဂုတ် ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ●



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသော ထိုင်းဘုရင့် တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီးတို့အား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

**ရန်ကုန် ဩဂုတ် ၃၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး Madame Veena Shinawatra တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီးတို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



## မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

* မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် နိုင်ငံတော်အတွက် အလွန်အရေးပါသော လုပ်ငန်းများဖြစ်။

**"သီးနှံသုတေသနလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်"** ခေါင်းကြီး(စာ-၂)

* နိုင်ငံတော်အစိုးရအနေနဲ့ အကြောင်းကြောင်းကြောင့် ယာယီဆိုင်းငံ့ခဲ့ရတဲ့ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပဖို့ ကြေညာပြီးတဲ့နောက် ပါတီစုံ၊ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံနဲ့ ဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်တွေပါ မကျန်အောင် ဖိတ်ကြားပြီး တက်ရောက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့။

**ပေါက်စ၏ "လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၆၀)"** ဆောင်းပါး(စာ-၅)

* **ဘုရှ်ကို နောက်ထပ်အလိုမရှိဟု ဆန္ဒပြသူများ ကြွေးကြော်၊ ထောင်နှင့်ချီသောဆန္ဒပြသမားများ နယူးယောက်၌ဆန္ဒပြ။**

နိုင်ငံတကာသတင်း(စာ-၄)